ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (6-4-2015) (၈၁၆၇)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ခတောင်ဆရာတော် ဦးတိလောက

# မန္တလေးသင်္ကြန်ပွဲတော်ကို မဏ္ဍပ်ပေါင်း ၃၇ ခုဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ဧပြီ ၅**

ယခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်ကြီးကို ကျုံးပတ်လည်တွင် မဏ္ဍပ် ၂၃ခု၊ မြို့တွင်းမဏ္ဍပ်ကိုးခုနှင့် ကန်တော်ကြီးတွင် မဏ္ဍပ်ငါးခု စုစုပေါင်း မဏ္ဍပ် ၃၇ ခု ဆောက်လုပ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖျော်ဖြေမှုအစီအစဉ်များအနေဖြင့် မြို့တော်ဝန်မဏ္ဍပ်တွင် ကျောင်းသူအင်အား ၃၀၀၀ ဖြင့် ဖွင့်ပွဲအခမ်းအနား ကျင်းပသွားမည့်အပြင် ဒေသခံ တေးဂီတအဖွဲ့များနှင့်တွဲဖက်၍ မန်းစည်ပင်လှပျိုဖြူလေးများ၏ အက အလှများ၊ နိုင်ငံကျော်အဆိုတော်များ၏ တေးသံသာများဖြင့် သင်္ကြန်အကြို နေ့မှအတက်နေ့အထိ ဧည့်ခံဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သတင်းနှင့် ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မန်းသင်္ကြန်ကို ကျုံးပတ်လည်တင်မကဘဲ တစ်မြို့လုံးအတိုင်းအတာနဲ့ စည်ကားအောင်စီစဉ်ထားပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အလှပြယာဉ်တွေ၊ သံချပ်ပြိုင်ပွဲတွေအပြင် မြို့တွင်းမှာလည်း ရေကစားမဏ္ဍပ်အရေအတွက် တိုးလာတဲ့အတွက် မန်းသင်္ကြန်က အရင်နှစ်တွေလိုပဲ စည်ကားနေမှာပါ"ဟု ၎င်းက ပြောသည်။

ကျုံးတောင်ဘက် Alpine မဏ္ဍပ်တွင်လည်း The Trees Band နှင့်အတူ ယခင်နှစ်များအတိုင်း နာမည်ကြီးအဆိုတော်များ လာရောက်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၆ သို့**



၂၀၁၄ ခုနှစ် သင်္ကြန်ကာလအတွင်း မန္တလေးမြို့ ကျုံးပတ်လည်တွင် ရေကစားနေကြသည်ကို တွေ့ရစဉ်။

# ချင်းနှင့်မကွေးဆက်မည့် ပေါက်တံတား မကြာမီဖွင့်လှစ်မည်

**ပေါက် ဧပြီ ၅**

၂၀၁၀ ခုနှစ် ဂီရိနှင့် ၂၀၁၃ ခုနှစ် အိုတူးဘီ မုန်တိုင်းများ၌ မျောပါပျက်စီးခဲ့သော မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ယောချောင်းရှိ အမှတ်(၁)ပေါက်တံတား (အုန်းတော)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်မှ ပြန်လည်တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ယူတည်ဆောက်နေသော အထူးစီမံကိန်းကြီးအဖွဲ့(၃)အင်ဂျင်နီယာ ဦးစောဇာနည်လှက ပြောသည်။



အဆိုပါတံတားသည် ဆိပ်ဖြူ-ကန်တော-ပေါက်ကားလမ်း (၄၉/၁-၄၉/၆)မိုင်တိုင်ကြားနှင့် ပခုက္ကူ-ပေါက်- မတူပီ ပြည်ထောင်စုကားလမ်းရှိ ပေါက်မြို့နယ် ယာကြီးပြင်ကျေးရွာနှင့် အုန်းတောကျေးရွာကြား ယောချောင်း၌ တည်ရှိသည်။ မူလတံတားသည် အကျယ် ၂၁ ပေနှင့် ပေ ၆၀ ရှိအခန်း ၂၃ ခန်းပါ အရှည်ပေ ၁၃၈၀ ရှိသည်။ ယာကြီးပြင်ဘက်ကမ်း၌ တိုးချဲ့တံတားသည် အကျယ် ၂၅ ပေနှင့် ပေ ၆၀ အရှည်ရှိ အခန်း ၆ ခန်း၊ ပေ ၉၀ ရှိ အခန်း ၁၆ ခန်းပါဝင်ပြီး အရှည် ပေ ၁၈၀၀ ရှိရာ မူလနှင့်တိုးချဲ့တံတားအရှည်ပေ ၃၁၈၀ ရှိပြီး နှစ်လမ်းသွားခံနိုင်ဝန် ၃၆ တန်ဖြစ်သည်။

အဆိုပါ အမှတ်(၁)ပေါက်တံတားကို ပြည်ထောင်စုငွေလုံးငွေရင်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး တံတားစီမံကိန်းတန်ဖိုးငွေကျပ် သန်းပေါင်း ၄၈၅၀ နှင့် ချဉ်းကပ်လမ်းအတွက် ငွေကျပ် သန်းပေါင်း၅၀၀ စုစုပေါင်းငွေကျပ် သန်း ၅၃၅၀ ဖြင့် တည်ဆောက်ခဲ့သည်။

ယခုအခါ တံတားကြမ်းခင်း၊ တံတားလက်ရမ်းလုပ်ငန်းများ ပြီးစီး၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အထူးစီမံကိန်းကြီးအဖွဲ့(၁)မှ ချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မကြာမီဖွင့်လှစ်မည် ဖြစ်သည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်နှင့် ပေါက်မြို့နယ် ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူများစွာရရှိမည့် တံတားတစ်စင်းဖြစ်ကြောင်းသိရသည်။

**ဖိုးသားလေး(ယောမြေ)**

လူကြီးမင်းတို့၏ စက်ရုံ၊ အလုပ်ရုံ၏ ထုတ်ကုန်ပမာဏများတိုးမြင့်စေဖို့
KHIN MAUNG NYUNT TRADING CO., LTD. သို့ ဆက်သွယ်ကြပါနို့
❖ လေမှုတ်စက်နှင့် ပတ်သက်သော စက်ချို့ယွင်းမှုများအား စမ်းသပ်အဖြေရှာခြင်း
❖ ကျွမ်းကျင်သော Engineer များမှ လုပ်ငန်းခွင်အရောက် ဝန်ဆောင်မှုပေးခြင်း
❖ လိုအပ်သောအရံပစ္စည်းများကို အချိန်တိုအတွင်း အာမခံဖြင့် တပ်ဆင်ပေးနိုင်ခြင်း
❖ နှစ်အလိုက်၊ လအလိုက် Maintenance Package များဝယ်ယူနိုင်ခြင်း





KHIN MAUNG NYUNT TRADING CO., LTD.
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon.
Tel : (95-1) 590227, 591306 Fax : (95-1) 590818

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့အား အမှူးထား၍ စုပေါင်းရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားများ ကျင်းပ



**နေပြည်တော် ဧပြီ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့် အလှူရှင်များက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများ၏ သားလှရတနာရှင်သာမဏေလောင်း ၅၇၇ ပါးတို့အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်အတွင်း ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခြင်း စုပေါင်းရှင်ပြုပွဲကို ဇေယျာသီရိမြို့နယ်အတွင်း ဧပြီ ၃ ရက်မှ ၆ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ဧပြီ ၃ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ အလှူတော်မင်္ဂလာမဏ္ဍပ်၌ ရှင်သာမဏေလောင်း ၁၆၇ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခဲ့သည်။

အလားတူ ဧပြီ ၄ ရက် နံနက်ပိုင်းတွင်ကျောက်ချက်ကျေးရွာ ဓမ္မသုခ လယ်ပြင်ဦးကျောင်းတိုက်၌ ရှင်သာမဏေလောင်း ၉၇ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခဲ့သည်။

ထို့အတူ ဧပြီ ၅ ရက် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ ရွှေကျောင်း၌ရှင်သာမဏေလောင်း ၁၉၅ ပါးတို့အား ရှင်သာမဏေအဖြစ်သွတ်သွင်းချီးမြှောက်ခဲ့သည်။

အလှူတော်မင်္ဂလာအဝင်နေ့များတွင် ညနေပိုင်း၌ ရှင်လောင်းလှည့်ခြင်း၊ ရှင်လောင်းများဆံချခြင်း၊ ရှင်သာမဏေများအား သင်္ကန်းတောင်း၊ သင်္ကန်းစည်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး အလှူတော်မင်္ဂလာနေ့များတွင်နံနက်ပိုင်း၌ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာနှင့်အညီ ရှင်သာမဏေများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပင့်သံဃာများအား လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်ချတရားနာခြင်း၊ ပင့်သံဃာများနှင့်ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။

အလားတူ ဧပြီ ၆ ရက်နေ့တွင် ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၌ ရှင်သာမဏေလောင်း ၁၁၈ ပါးတို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ခြင်း အလှူတော်မင်္ဂလာတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အလှူတော်မင်္ဂလာအခမ်းအနားများသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီးဒေါ်ခင်လေးသက်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်အတွင်းမှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုခဲ့ကြသည်။

**(သတင်းစဉ်)**

# လာအိုပြည်သူ့တပ်မတော်မှ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့ ဇေယျာသီရိပိမာန်သဘင်ဆောင်၌ ဖျော်ဖြေပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဧပြီ ၅**

လာအို ပြည်သူ့တပ်မတော်မှ Colonel Saisamone SALAPSENG ဦးဆောင်သည့် ချစ်ကြည်ရေး ယဉ်ကျေးမှုအဖွဲ့၏ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိပိမာန်ရှိ သဘင်ဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E.Mr. Lyying SAYAXANG နှင့် ဇနီးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် လာအိုပြည်သူ့တပ်မတော်မှ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့က လာအိုယဉ်ကျေးမှုရိုးရာ အဆိုအကများ၊ လာအိုတပ်မတော်တေးသီချင်း၊ အာဆီယံဂုဏ်ပြုတေးသီချင်းများအပြင် မြန်မာ့တေးသီချင်းအချို့ဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် လာအိုယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဖျော်ဖြေရေးအဖွဲ့သည် ဧပြီ ၇ ရက်တွင် နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌လည်းကောင်း၊ ဧပြီ ၉ ရက်တွင် မန္တလေးမြို့ နန်းမြို့တွင်းတို့၌လည်းကောင်း ထပ်မံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**● ရွှေဖုံးမှ**

"ကျွန်တော်တို့ Alpine ကုမ္ပဏီက မန္တလေး ဒေသခံတွေ သင်္ကြန်မှာ ပျော်ရွှင်စေဖို့အတွက် နှစ်စဉ်ဖျော်ဖြေပေးခဲ့တာဒီနှစ်နဲ့ဆို (၁၂)ကြိမ်မြောက်ရှိပါပြီ။ ဒီနှစ်မှာတော့ ထူးခြားချက်အနေနဲ့ ယခင်နှစ်တွေက မဏ္ဍပ်ကို အကျယ် ပေ ၂၂၀ တည်ဆောက်ခဲ့ပေမယ့် ဒီနှစ်ကတော့ ပေ ၂၈၀ အထိ တိုးချဲ့ထားတဲ့အပြင်စင်ပေါ်ဖျော်ဖြေမှုတွေကို အားပေးတဲ့ပရိသတ်တွေ ကောင်းမွန်စွာကြည့်ရှုနိုင်ဖို့ LED ဘုတ်တွေကို စင်ပေါ်မှာတပ်ဆင်ပေးထားမှာဖြစ်ပါတယ်။ ဒါ့အပြင် မန်းပျိုဖြူလေးတွေ ပျော်ရွှင်စွာ ရေကစားနိုင်ဖို့လည်း ဖိတ်ခေါ်ထားပါတယ်" ဟု ၎င်းကုမ္ပဏီမှ ကိုသောင်းထိုက်ဆွေက ပြောသည်။

ကျုံးမြောက်ဘက်ခြမ်း မဏ္ဍပ်တွင်လည်း SIR တေးဂီတအဖွဲ့ကြီး၏ သံစဉ်များနှင့်အတူသီဆိုတင်ဆက်မှု အစီအစဉ်များလည်း ပါဝင်ကြောင်း သိရှိရပြီး မြို့တွင်းမဏ္ဍပ်များတွင်လည်း အတာရေပက်ဖျန်းခြင်း၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် အတာတန်ခူးအားမြူးထူးပျော်ရွှင်စွာဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**○ ကျောဖုံးမှ**

အသက်(၃၃)နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ အမေရိကန်ရဲ့ ပရော်ဖက်ရှင်နယ် တင်းနစ်မယ် ဆရီနာဝီလျံက စပိန်တင်းနစ်မယ် ကာလာဆွာရတ်ဇ်နာဗာရိုကို ၅၆ မိနစ်ကြာကစားပြီး ၆-၂၊ ၆-၀ ဆိုတဲ့ရလဒ်နဲ့ အနိုင်ရရှိလိုက်ခြင်းဖြစ်ပါတယ်။

ဆရီနာဝီလျံအနေနဲ့ ယခုတစ်ကြိမ်အနိုင်ရရှိလိုက်ခြင်းဟာ ကရန်ဒန်ပတ်ခ်တင်းနစ်ပြိုင်ကွင်းမှာ ကျင်းပခဲ့တဲ့ မီယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဖလားကို သုံးကြိမ်ဆက်တိုက်အနိုင်ရရှိလိုက်ခြင်းလည်းဖြစ်ပြီး ကာလာဆွာရတ်ဇ်နာဗာရိုနဲ့ ကစားခဲ့တဲ့ နောက်ဆုံး ၁၀ ပွဲစလုံးမှာ ရှုံးပွဲမရှိစံချိန်လည်း တင်နိုင်ခဲ့ပါတယ်။

အသက်(၂၆)နှစ်အရွယ် ဆွာရတ်ဇ်နာဗာရိုအနေနဲ့ ဆရီနာဝီလျံကို ရှုံးနိမ့်ခဲ့ပေမယ့် ဆရီနာဝီလျံရဲ့ ညီမဖြစ်သူ ဗီးနပ်ဝီလျံကို နောက်ဆုံးလေးကြိမ်တွေ့ဆုံမှုမှာ နိုင်ပွဲတွေဆက်ကာ အောင်ပွဲခံနိုင်ခဲ့သူပါ။ ဆရီနာဝီလျံကတော့ ကစားသမားဘဝတစ်လျှောက် ကွာတားဖိုင်နယ်ပွဲစဉ်တွေမှာ ပွဲပေါင်း ၇၀၀ အထိ နိုင်ပွဲရရှိခဲ့တဲ့ မှတ်တမ်းသစ်တစ်ရပ်လည်း ရေးထိုးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဆရီနာဝီလျံအနေနဲ့ ယခုတစ်ကြိမ် အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် အမျိုးသမီးတစ်ဦးချင်းတင်းနစ်ချန်ပီယံဆု ၆၆ ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည့် ပရော်ဖက်ရှင်နယ် တင်းနစ်မယ်တစ်ဦးအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

**(နိုင်လင်းကြည်)**

# မြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နမ့်ဆန် ဧပြီ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မြို့နယ်နှင့် ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးကျင်စိန်က ကော်မရှင်လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးကျော်လွင်ကလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင် လဝက ဦးစီးမှူး ဦးလှထွန်းအေးက မဲစာရင်းများ မှန်ကန်တိကျမှုရရှိစေရေးနှင့် ကော်မရှင်ဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင် ဥပဒေအရာရှိ ဒေါ်နန်းသိင်္ဂီဟန်က ကော်မရှင်အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်အတွင်းရေးမှူးများက ဆွေးနွေးကြပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**မြန်မာ့ရုပ်မြင်သံကြား Entertainment Channel**

၆-၄-၂၀၁၅ (တနင်္လာနေ့)

၆း၁၅ ပြည်သူ့နီတိ"ကိုယ့်ကိစ္စမဟုတ်ဘူး"
၆း၃၅ ခါသင်္ကြန်အဆို၊ အကများ
၆း၅၀ "ဂန္ထဝင်အလှမြန်မာရာမ" (အပိုင်း-၄)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၂၉)
၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်"(အပိုင်း-၃၀)
၈း၅၅ ပြည်သူ့နီတိ "အိမ်ထောင်ဖြုန်း"
၉း၀၅ "ဖက်ဖူးစိမ်း" (ပထမပိုင်း) (ရဲသီဟအောင်၊ ရဲနိုင်အောင်၊ အိထက်အောင်) (ဒါရိုက်တာ-ကျော်ထက်ဇော်)
၁၀း၀၅ ခါသင်္ကြန်အဆို၊ အကများ
၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဖောက်ပြန်ကြသူများ" (ဝေဠုကျော်၊ ဇေယျာအောင်၊ မေကဗျာ)(ဒါရိုက်တာ-နေမင်းမြတ်)

**တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။**

# တရုတ်တွင် တရားမဝင် ဂေါက်ကွင်း ၇၀ နီးပါးကို ပိတ်လိုက်ပြီ



**ပေကျင်း မေ ၅**

တရုတ်နိုင်ငံတွင် အစိုးရက တရားမဝင်ဂေါက်ကွင်း ၇၀ နီးပါးကို ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာခြင်းဖြင့် အစိုးရအဖွဲ့ဝင်များ ဂေါက်ရိုက်ကစားခြင်းကို အလိုမရှိကြောင်း ပြသလိုက်သည်။

ဆယ်စုနှစ်တစ်စုကြာမျှ တားမြစ်ပိတ်ပင်ထားမှုကို လိုက်နာရန် ပထမဆုံးအကြိမ်အဖြစ် အရေးယူဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

သမ္မတ ရှီကျင့်ဖျင်က လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကို ဦးဆောင်အကောင်အထည်ဖော်နေစဉ် မြေယာနှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာန၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ညှော်ခံပွဲကြီးများ ကျင်းပခြင်း၊ တန်ဖိုးကြီးမားသော လက်ဆောင်ပစ္စည်းများ ပေးကမ်းခြင်းတို့ကို သမ္မတက တိုက်ဖျက်လျက်ရှိသည်။

"ယခုအချိန်တွင် ဒေသဆိုင်ရာအစိုးရအဖွဲ့များသည် တရားမဝင် တည်ဆောက်ထားသော ဂေါက်ကွင်းများကို ပိတ်၍ ယင်းကွင်းများကို မူလအခြေအနေအတိုင်း ပြန်ရောက်ရန် ရှင်းလင်းလုပ်ဆောင်ပြီးစီးပြီဖြစ်ကြောင်း" မြေယာဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် မတ် ၃၀ ရက်နှောင်းပိုင်း၌ ဖော်ပြထားသည်။

သမ္မတရှီကျင့်ဖျင်၏ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်နာရမည့် စည်းကမ်းရှစ်ချက်ကို ချိုးဖောက်ကာ ဂေါက်ရိုက်သည့်အတွက် အရာရှိ ဝမ်ကျင်းရန်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စီးပွားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာပြီးသည့်နောက် မတ် ၃၁ ရက်တွင် တရားမဝင်ဂေါက်ကွင်းများ ပိတ်သည့်သတင်း ထုတ်ပြန်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားလာ၍ ပြည်သူလူထုက ဒေါသထွက်နေကြစဉ် မကြာသေးမီနှစ်များအတွင်း သမိုင်းဝင် အဆောက်အအုံများနှင့် ပန်းခြံများ၌ ပုဂ္ဂလိကပိုင်ကလပ်များ ဖွင့်လှစ်ခြင်းကဲ့သို့သော ငွေဖြုန်းတီးမှုလုပ်ငန်းများကို အာဏာပိုင်တို့က ပိတ်ပင်တားမြစ်ခဲ့သည်။

သို့သော်ငြားလည်း ထိုကဲ့သို့သော အမိန့်များကို မကြာခဏ မထီမဲ့မြင်ပြုကာ လိုက်နာခြင်းမပြုကြပေ။

ယမန်နှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ၏ ဂွမ်ဒေါင်းပြည်နယ် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးကော်မရှင်က ဂေါက်ကလပ်များသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းအပါအဝင် ဂေါက်နှင့်ဆိုင်သော လှုပ်ရှားမှုကိုးမျိုးတွင် မည်သည့်အမျိုးအစားတွင် ပါဝင်သည်ဖြစ်စေ ပါဝင်သောပြည်နယ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူများသည် အပြစ်ပေးခြင်းခံရမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တာဝန်ရှိကွန်မြူနစ်ပါတီ ထိပ်ပိုင်းပုဂ္ဂိုလ်များသည် အဆိုပါ စည်းကမ်းချက်များကို ဖောက်ဖျက်သည်ဟု သံသယရှိပါက အရေးပေါ် ဖုန်းလိုင်းမှတစ်ဆင့် သတင်းပေးပို့ကြပါရန် ပြည်သူလူထုကိုလည်း တိုက်တွန်းထားသည်။

ကော်မရှင်၏ ဝက်ဘ်ဆိုက်၌ ရှင်းလင်းချက်ထုတ်ပြန်ထားရာ ကမ္ဘာပေါ်တွင် ဂေါက်ရိုက်ခြင်းသည် ငွေဖြုန်းတီးသည့်သဘောနှင့် အလားတူပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင်လျှင် ဂေါက်ရိုက်ခြင်းသည် ငွေကြေးချမ်းသာသော လူတန်းစားများ၏ အားကစားတစ်ရပ်ဖြစ်သည်ဟုသာ ယူဆကြကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံ၌ ဂေါက်ကလပ်အဖွဲ့ဝင်များ၏ ကုန်ကျစရိတ်သည် သာမန်လူတန်းစားများနှင့် အရာရှိများ၏ သာမန်နှစ်စဉ်ငွေများ၏ အပေါ်တွင်ရှိသည်။ ထို့အပြင် ရုံးထိုင်တာဝန်ရှိသူများသည် ဂေါက်ရိုက်ခြင်း၌ စွဲလမ်းသွားသည့်အခါ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှုများ ပျက်ကွက်ကြသည်ဟုဆိုသည်။

ဂေါက်ကလပ်များသို့ အဖွဲ့ဝင်ဖြစ်လိုသော အရာရှိများသည် အဂတိလိုက်စားမှုပြု၊ မပြု စောင့်ကြည့်ခံရခြင်းကို သတိထားကြသကဲ့သို့ ဂေါက်ကလပ်များသို့ အဖွဲ့ဝင်လျှောက်ထားရာတွင် နာမည်ပြောင်း၍ လျှောက်ထားကြသည်ဟု စာရေးဆရာ ဒန်းဝပ်ရှ်ဗန်းက ၎င်း၏ "ပိတ်ပင်ထားသော အားကစား-ဂေါက်နှင့် တရုတ်အိပ်မက်" စာအုပ်တွင် ရေးသားထားသည်။

မြို့တော်ပေကျင်းရှိ ဂေါက်ကွင်းတစ်ကွင်းကို ဒီဇိုင်းပြန်ဆွဲပေးရန်အတွက် အမေရိကန်ဂေါက်သီး အကျော်အမော် တိုက်ဂါးဝုဒ်သို့ ဒေါ်လာ ၁၆ ဒသမ ၅ သန်းပေးရမည်ဟု သတင်းထွက်လာပြီးနောက် ဂေါက်ကွင်းများပိတ်သည့်သတင်းထွက်လာခြင်းဖြစ်သည်ဟု ဝပ်ရှ်ဗန်းက တွစ်တာပေါ်တွင် ထောက်ပြထားသည်။

မြေယာနှင့် သဘာဝအရင်းအမြစ်ဝန်ကြီးဌာနမှ စာရင်းများအရ ပိတ်လိုက်သော ခွင့်ပြုချက်မဲ့ ဂေါက်ကွင်း ၆၆ ကွင်းအနက် သုံးကွင်းသည် ပေကျင်းမြို့တွင်ရှိသည်။ ရှစ်ကွင်းသည် အရှေ့ပိုင်းပြည်နယ် ရှန်ဒေါင်းတွင်ရှိသည်။ တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းပြည်နယ် ဂွမ်ဒေါင်းနှင့် ယူနန်တို့တွင် ခြောက်ကွင်းစီရှိသည်။

တရုတ်နိုင်ငံ၏ အားကစားမြို့တော်ဟုဆိုသော ဟိုင်နန်ကျွန်းပြည်နယ်တွင်းမှာပင် သက်သာခွင့်မပေးဘဲ သုံးကွင်းအပိတ်ခံရသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။ သို့သော် ကွင်းများပိတ်သည့် အချိန်ကာလကိုမူ ဖော်ပြထားခြင်းမရှိပေ။

၂၀၀၄ ခုနှစ်တွင် ဂေါက်ကွင်းအသစ်များတည်ဆောက်ခြင်းကို ရပ်ဆိုင်းထားရန် ဗဟိုအာဏာပိုင်များက အမိန့်ထုတ်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်တည်ဆောက်ကြသည်။ ဟိုင်နန်ကဲ့သို့သော ဒေသများမှ အခွန်တော်စည်းကြပ်ခွင့်ရှိသော အရာရှိများသည် ကွင်းအသစ်တည်ဆောက်ပေးသော ကန်ထရိုက်တာများအား အခွန်ပေးဆောင်ရခြင်းကို ဆိုင်းငံ့ပေးမည်ဟုပင် ကမ်းလှမ်းခဲ့ကြသည်။

အဆိုပါ ပိတ်ပင်သော အမိန့်ထုတ်ပြန်သောကာလတွင် တရုတ်နိုင်ငံ၌ ဂေါက်ကွင်းအရေအတွက်သည် ၂၀၀ အောက်မျှသာရှိခဲ့ပြီး လက်ရှိအချိန်တွင် ၆၀၀ ကျော်နေပြီဖြစ်ကြောင်း အစိုးရပိုင်သတင်းဌာန ဆင်ဟွာက ဖော်ပြသည်။ **ဘီဘီစီ။**

## ကျူးဘားခေါင်းဆောင်ဟောင်း ဖီလ်ဒယ်ကတ်စထရို အများပြည်သူမြင်ကွင်းသို့ ပြန်လည်ထွက်ပေါ်လာ

**ဟာဗားနား မေ ၅**

ကျူးဘားနိုင်ငံ၏ သမ္မတဟောင်း ဖီလ်ဒယ်ကတ်စထရိုသည် လွန်ခဲ့သည့် ၁၄ လတာကာလအတွင်း အများပြည်သူမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ချိန် နောက်ပိုင်း ကြုံတောင့်ကြုံခဲအဖြစ် ၎င်း၏ ရုပ်ပုံလွှာများ ပြန်လည်ထွက်ပေါ်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် (၈၈) နှစ်အရွယ်ရှိပြီဖြစ်သည့် ကျူးဘားတော်လှန်ရေးခေါင်းဆောင်၏ပုံရိပ်ကို ကျူးဘားနိုင်ငံထုတ် မီဒီယာများတွင် မျက်နှာဖုံးပြည့်အဖြစ် ဖော်ပြခဲ့သည်။

အဆိုပါသတင်းမှာ မစ္စတာ ကတ်စထရိုက ဗင်နီဇွဲလားနိုင်ငံမှ ကျူးဘားနိုင်ငံသို့ လာရောက်၍ ဒေသဆိုင်ရာ ကျောင်းတစ်ကျောင်း၌ သွေးစည်းညီညွတ်ရေးအဖွဲ့အဖြစ် ဆောင်ရွက်သော ကိုယ်စားလှယ်အဖွဲ့တစ်ခုအား လက်ခံတွေ့ဆုံသည့် သတင်းဖြစ်သည်။

ယင်းမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သော ဟာဗားနားမြို့ရှိ ကျူးဘားနိုင်ငံ ယဉ်ကျေးမှုဗဟိုဌာန ဖွင့်ပွဲအပြီးတွင် လူထုမြင်ကွင်း၌ ပျောက်ကွယ်သွားခဲ့သည့် ကျူးဘားခေါင်းဆောင်ဟောင်း၏ ပထမဆုံးအကြိမ် လူထုမြင်ကွင်းသို့ ထွက်ပေါ်ခဲ့သည့် သတင်းလည်းဖြစ်သည်။

ဆိုဗီယက်ယူနီယံပြိုပွဲပြီးကာလ၏ နောက်ပိုင်းတွင် ရေနံသယံဇာတကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံသည် ကျူးဘား၏ အဓိကမဟာမိတ်ဖြစ်လာခဲ့သည်။ **ဘီဘီစီ။**

## အသက် (၁၀၀) ရှိ ဂျပန်အဘွားအို မီတာ ၁၅၀၀ ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်

**တိုကျို မေ ၅**

အသက် (၁၀၀) ရှိပြီဖြစ်သော ဂျပန်အဘွားအို မီကို နာဂါအိုကာသည် မေ ၄ ရက်က ဂျပန်နိုင်ငံ အနောက်ပိုင်း မတ်ဆူယာမာမြို့တွင်ကျင်းပသော ရေကူးပြိုင်ပွဲတွင် မီတာ ၁၅၀၀ ကို တစ်နာရီ ၁၅ မိနစ် ၅၄ ဒသမ ၃၉ စက္ကန့်ဖြင့် ကူးခတ်နိုင်ခဲ့သည်။

မီကို နာဂါအိုကာကို ၁၉၁၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး အသက်(၈၂)အရွယ်တွင် ဒူးဒဏ်ရာ သက်သာစေရန်အတွက် ရေကူးလေ့ကျင့်ခဲ့ရာမှ နောက်ပိုင်းတွင် ရေကူးချန်ပီယံဖြစ်လာခြင်းဖြစ်သည်။ နာဂါအိုကာ၏ အဖြစ်အပျက်က အောင်မြင်မှုနှင့် စွမ်းဆောင်မှုအသစ်များ ရရှိဆောင်ရွက်ရန်အတွက် အသက်ကြီးပြီ (သို့မဟုတ်) နောက်ကျနေပြီဟူ၍ မည်သည့်အခါမျှမရှိဟူသော သင်ခန်းစာကို ပေးစွမ်းလျက်ရှိသည်။

အသက် (၁၀၀) ရှိ အဘွားအို နာဂါအိုကာသည် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး ရေကူးအားကစားမယ်ဖြစ်လာပြီး ကမ္ဘာ့ချန်ပီယံရှစ် နိုင်ငံတကာရေကူးအားကစားပြိုင်ပွဲတွင် ပါဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နာဂါအိုကာသည် အသက် (၈၄) နှစ်အရွယ်တွင် ဂျပန်ရေကူးပြိုင်ပွဲများတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ် အသက်(၈၈) နှစ်အရွယ်တွင် နယူးဇီလန်နိုင်ငံ ခရစ်ချပ်မြို့၌ ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရေကူးပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည်။ ၂၀၀၄ ခုနှစ် အီတလီနိုင်ငံ ရီဆီယိုနီမြို့၌ ကျင်းပသည့် ပြိုင်ပွဲတွင် မီတာ ၅၀၊ မီတာ ၁၀၀နှင့် မီတာ ၂၀၀ ပက်လက်ကူးပြိုင်ပွဲများတွင် ငွေတံဆိပ်သုံးခုရရှိခဲ့သည်။

အသက် (၉၀) ပြည့်နှစ်တွင် မီတာ ၈၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲတွင် နိုင်ငံအဆင့်စံချိန်တင်ကူးခတ်နိုင်သောကြောင့် နိုင်ငံတော်အဆင့် အသိအမှတ်ပြုခံခဲ့ရသည်။ အဘွားအို နာဂါအိုကာသည် သူ၏ အောင်မြင်မှုများကို အားသစ်လောင်းရန် ရေကူးနည်းပြတစ်ဦးဖြင့် လေ့ကျင့်ခဲ့ပြီး ကိုယ်တိုင်လည်းလေ့ကျင့်ခဲ့သလို သူ၏စံချိန်တင်ကူးခတ်မှုများကို ချိုးဖျက်ရန်လည်း ကြိုးစားလျက်ရှိသည်။





အသက် (၉၅) နှစ်တွင် အဘွားအို နာဂါအိုကာ၏ ကြိုးစားအားထုတ်မှုများ အရာထင်လာခဲ့ပြီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ယခုလောလောဆယ် နာဂါအိုကာသည် ကမ္ဘာ့စံချိန် ၂၄ ခုတင်ထားနိုင်ပြီး တာတိုနှင့် တာဝေးပြိုင်ပွဲနှစ်ခုလုံးတွင် ဆုတံဆိပ်များထပ်မံရရှိရန် ကြိုးစားလျက်ရှိသည်။

နာဂါအိုကာသည် တစ်ပတ်လျှင် လေးကြိမ်ကူးခတ်လေ့ကျင့်ပြီး တစ်ကြိမ်ကူးလျှင် နှစ်နာရီကြာမြင့်သည်။ ဖြည်းဖြည်းမှန်မှန်ကူးရသည်ထက် တာဝေးကူးခတ်ရမှုကို နာဂါအိုကာက ပိုမိုနှစ်သက်သည်ဟု ဆိုသည်။ နာဂါအိုကာ၏ မိသားစုတွင် သားဖြစ်သူမှ မြေးများအထိရေကူးအားကစားတွင် ထူးချွန်ကြပြီး အခြားရေကူးအားကစားသမားများကိုလည်း ကူးနိုင်သည့် အသက်အရွယ်အထိကူးခတ်ကြရန် နာဂါအိုကာက အားပေးလေ့ရှိသည်။ **ဆင်ဟွာ။**

# သီတဂူ စက္ခုဒါနဆေးရုံတည်ဆောက်ရန် ပန္နက်တော်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန်　ဧပြီ　၅**

သီတဂူစက္ခုဒါန ဆေးရုံတည်ဆောက်ရန် ပန္နက်တော်တင် မင်္ဂလာနှင့်အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ဦးမင်းဆွေ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တက်ရောက်လာသူများက မဒေါက်မြို့ ပန်းငွေရုံတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနာဘိဝံသထံမှငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်နှင့် အလှူရှင် သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်တို့က ဆရာတော်၊ သံဃာတော်များထံ ပန္နက်တော်များ၊ ရွှေတုများနှင့် လှူဖွယ်များကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် သီတဂူစက္ခုဒါနဆေးရုံတည်ဆောက်မည့် မြေနေရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ဦးမင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းတို့က မင်္ဂလာပန္နက်ရိုက်ပေးကြသည်။

ထို့နောက် ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ(အင်ဝိုင်း) ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယက ငွေကျပ်သိန်း ၅၀၀နှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် သိန်း ၁၅၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ အား အလှူရှင်များကိုယ်စား သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်က ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဥေယျမမ္မာ ဘိဝံသက ဩဝါဒကထာချီးမြှင့်ကာ ညောင်လေးပင်မြို့နယ် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ(သုဓမ္မာ) မင်္ဂလာသုခကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတက ရေစက်ချတရားတော်ချီးမြှင့်သည်။

**(သတင်းစဉ်)**



# မေတ္တာပရဟိတဂေဟာဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန်　ဧပြီ　၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် Mother Trading Co.,Ltd. နှင့် Mother Construction Co.,Ltd. မှ ဆောက်လုပ်လှူဒါန်းသည့် မေတ္တာပရဟိတဂေဟာဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မရမ်းချောင်ကျေးရွာ မေတ္တာပရဟိတဂေဟာ၌ ကျင်းပရာ ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)ဦးလှမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် Mother Trading Co.,Ltd. နှင့် Mother Construction Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မြတ်တို့က မေတ္တာပရဟိတဂေဟာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က မေတ္တာပရဟိတ ဂေဟာဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးအမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အစီအစဉ်ဒုတိယပိုင်းကို ဘက်စုံခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက မေတ္တာပရဟိတဂေဟာ ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား မေတ္တာပရဟိတဂေဟာဥက္ကဋ္ဌ ဦးလှဌေးထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည့်ဖြိုးအောင်ကုမ္ပဏီမှ ဦးအောင်ကျော်မိုးက ငွေကျပ် ၁၁၅ သိန်းတန်ဖိုးရှိ ခုတင်အလုံး ၈၀၊ မြတ်မိဘအဖွဲ့မှ ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ ရေသန့်စက်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့်အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၃၅ သိန်းအား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်မေတ္တာပရဟိတဂေဟာဥက္ကဋ္ဌ ဦးလှဌေးနှင့်ဝေဒနာရှင်များကိုယ်စား ဦးကျော်စိုးဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂေဟာနေပုဂ္ဂိုလ်များအား အမှတ်တရပစ္စည်းများပေးအပ်ပြီး ဂေဟာအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# Novotel Yangon Max ဟိုတယ်သစ် ဖွင့်လှစ်

**ရန်ကုန်　ဧပြီ　၅**

မြန်မာတိုင်းရင်းသားပိုင် ကြယ်ငါးပွင့်အဆင့် Novotel Yangon Max ဟိုတယ်သစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အဆိုပါ ဟိုတယ်၌ ကျင်းပခဲ့သည်။

Novotel Yangon Max ဟိုတယ်သစ်သည် Max Myanmar Holding လက်အောက်ရှိ Max Hotel Group ၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပြီး မြန်မာတိုင်းရင်းသားပိုင် ကြယ်ငါးပွင့်အဆင့်ရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဟိုတယ်သစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားကို ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင် ကိုဝင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Max Myanmar Holding မှ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

Novotel Yangon Max ဟိုတယ်သစ်သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဟိုတယ်တည်ဆောက်ရေးစီမံကိန်းအတွက် ပြည်ပချေးငွေကျပ် ဘီလီယံ ၃၀ အပါအဝင် စုစုပေါင်း ကျပ် ဘီလီယံ ၈၆ သန်းကျော် ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဟိုတယ်တွင် ၂၉ စတုရန်းမီတာမှ ၇၅ စတုရန်းမီတာအထိ ကျယ်ဝန်းသည့် အခန်းပေါင်း ၃၆၆ ခန်း ပါဝင်ပြီး ဧည့်သည် ၇၀၀ ဆံ့ Ballroom၊ ဧည့်သည် ၄၀၀ ဝင်ဆံ့သည့် Junior Ballroom၊ အစည်းအဝေးခန်းမများ၊ နိုင်ငံတကာအဆင့်မီ စားသောက်ဆိုင်များ၊ ရုံးခန်းများ၊ ကိုယ်ကာယ လေ့ကျင့်ခန်းများအပါအဝင် အဆောက်အအုံတစ်ခုလုံး ဧရိယာစတုရန်းပေ ၈ သိန်းရှိသည်။ ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို အာရှပစိဖိတ်တွင် အကြီးဆုံး နိုင်ငံတကာ ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲသူ ပြင်သစ်အခြေစိုက် Accor Group က တာဝန်ယူဆောင်ရွက်နေသည်ဟု သိရသည်။ ဟိုတယ်သစ်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အများစုမှာ မြန်မာတိုင်းရင်းသားဝန်ထမ်းများကို ခန့်အပ်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတကာဧည့်သည်များ လာရောက်မှုများပြားလာသည့် မြန်မာ့ခရီးသွားကဏ္ဍအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ဝဝ၁)**

■

**သွေးသည် အသက်**


## ဆင်မင်းပုဆိုး

နှစ်သစ်ကူး အချိန်အခါသမယတွင် ဆင်မင်းပုဆိုးမှ အသစ်ထပ်မံထုတ်လုပ်သော ချည်ချောပုဆိုးများကို မိမိတို့၏ ကုမ္ပဏီဝန်ထမ်းများနှင့် ချစ်ခင်နှစ်သက်သောသူတို့အား လက်ဆောင်ပေးရန်အတွက် အထူးထုတ်လုပ်ထားပါသည်။ ဆင်တူ အော်ဒါထည်များကိုလည်း မှာယူရရှိနိုင်ပါသည်။

ဆိုင်(၁)　အမှတ်(၁၅၅)၊ လမ်း၃၀၊ ၈၂×၈၃လမ်းကြား၊ မန္တလေးမြို့။
**Ph:02-34101, 02-24286, 09-5184426**

ဆိုင်(၂)　(G-48)၊ မြေညီထပ်၊ မိန်းလမ်းဝင်ပေါက်(8)၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။ **Ph:01-200747, Ext:1090, 09-43177199**



## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေ ဦးသာကောင်းနှင့် မေမေ ဒေါ်ခင်မျိုးအိ(သရုပ်ဆောင် မယ်လိုဒီ)တို့၏ သားဦးရတနာလေးကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ပြီး ရင်သွေးငယ်လေးနှင့် မိခင်၏ဘဝတစ်သက်တာ ကျန်းမာရေးအတွက် တန်ဖိုးရှိလှသော အချင်းသွေး၊ အချင်းတစ်သျှူးနှင့်အဆီတစ်သျှူး ပင်မဆဲလ်များကို Bangkok Stem Cell ပင်မဆဲလ်ဘဏ်တွင် တစ်သက်တာ အောင်မြင်စွာ သိမ်းဆည်းနိုင်ခဲ့သည့်အတွက် Bangkok Stem Cell (Myanmar)/Parents' Best Choice Co.,Ltd. မှ အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**Bangkok Stem Cell (Myanmar)/**
**Parents' Best Choice Co.,Ltd.**
**Ph: 09-798152217**

*ဧပြီ ၆ ရက်ထုတ် The Voice Weekly အတွဲ (၁၁) အမှတ် (၁၂) တွင် ဖော်ပြထားသော ဆောင်းပါးအား ဂျာနယ်နှင့် စာရေးသူတို့၏ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။*

# မဏ္ဍပ်များ၏ နောက်ခြမ်းဆီ

ခက်ဇော်

"ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့လွင့် . . . ဟော တစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံတဲ့အပင်"

မကြာမီ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီး ကျရောက်တော့မည်။ သင်္ကြန်ပွဲတော်နှင့်အတူ အသားကျနေသော ရေကစားမဏ္ဍပ်များသည်လည်း အပြိုင်အဆိုင်ဆောက်လုပ်နေကြသည်။ သင်္ကြန်ပျော်လူငယ်များကလည်း အတာသင်္ကြန်ပွဲကို မီးကုန်ယမ်းကုန် ဆင်နွှဲရန် စီစဉ်နေကြသည်။

ရန်ကုန်မြို့တော် သင်္ကြန်ရေကစားမဏ္ဍပ်များကား ဒီဇိုင်းစုံ၊ ကာလာစုံ၊ ဝန်ဆောင်မှုအစုံဖြင့် သင်္ကြန်ပျော်လူငယ်များကို ဆွဲဆောင်နေကြသည်။ နာမည်ကျော် အဆိုတော်များ၊ မော်ဒယ်လ်များ၊ ဒီဂျေများနှင့်အတူ မဏ္ဍပ်များကား သင်္ကြန်၏ပျော်ရွှင်မှုကို ပို၍ အရောင်တောက်စေမည်လား။

အဆိုပါမဏ္ဍပ်များ၏ နောက်ဘက်မျက်နှာတွင်ရော မည်သို့ရှိသနည်း။

"ကျွန်မက သင်္ကြန်ဆိုတာကြားတာနဲ့ကို သင်္ကြန်ပျော်မိန်းကလေးတွေအတွက် စိတ်ပူမိတယ်။ ကျွန်မ ကိုယ်တိုင်လည်း ကြုံခဲ့ရတော့ ပိုပြီးစိတ်ပူမိပါတယ်"ဟု သင်္ကြန်မဏ္ဍပ်များ၏ နောက်ခြမ်းဆီက အကျိုးဆက်ကို ကိုယ်တွေ့ ကြုံတွေ့ခံစားခဲ့ရဖူးသည့် မဒါလီက ရင်ဖွင့်လာသည်။

မဒါလီသည် ယခုမူ စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည်။ သူမသည် ၂၀၁၂ ခုနှစ်သင်္ကြန်တွင် သင်္ကြန်ပျော်မိန်းကလေးပီပီ ခေတ်လွန်အဝတ်အစားများဝတ်လျက် ရေကစားခဲ့သူများထဲမှ တစ်ယောက်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် အလုပ်တစ်ဖက်နှင့် ကျောင်းတက်နေရာမှ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ခေတ္တခဏ ပြန်လည်ရောက်ရှိလာခဲ့ပြီး သင်္ကြန်ပွဲတော်တွင် သူငယ်ချင်းများနှင့်အတူ ဝင်ရောက်နွှဲပျော်ဖြစ်ခဲ့သည်ဟု ဆိုသည်။

"အဲဒီနှစ်ကတောင် မဏ္ဍပ်ကြေးက VIP လက်မှတ်ဆိုတော့ တစ်သိန်းနှစ်သောင်းပေးရပါတယ်"ဟု သူမက ဆိုသည်။

ထိုစဉ်က သူမသည် ကန်တော်ကြီးပတ်လမ်းရှိ နာမည်ကျော်မဏ္ဍပ်တစ်ခုတွင် ရေကစားခဲ့ခြင်းဖြစ်သည်။ သူမတို့ရေကစားသည့် နာမည်ကျော်မဏ္ဍပ်ကြီးတွင် အရက်၊ ဘီယာများနှင့် အခြားမူးယစ်စေသည့်အရာ မှန်သမျှကို ငွေပေးကာ ရယူနိုင်ခဲ့သည့်အပြင် မူးယစ်မှု၏ အလွန် ကာမဆန္ဒဖြည့်လိုသည့် ချစ်သူစုံတွဲများအတွက် မဏ္ဍပ်၏နောက်ကွယ်တွင်လည်း ဗီနိုင်းစ၊ ဝါးထရံစသည်တို့ဖြင့် ကာရံထားသော ငါးပေပတ်လည် အခန်းငယ်များ ပါရှိကြောင်း သူမကြုံခဲ့ရသည့် မဏ္ဍပ်ဖွဲ့စည်းပုံကို ပြောပြလာသည်။

"ပထမတစ်နှစ်ကစားတုန်းက မဏ္ဍပ်ပေါ်မှာ အရက်၊ ဘီယာလောက်နဲ့တင် အဆင်မပြေတော့ဘူး။ အရမ်းကဲလို့ကောင်းတာကို။ အဲဒီမှာ မဏ္ဍပ်ပေါ်မှာပဲ ရာဘတွေကလည်း အရောင်းအဝယ်ဖြစ်ကြတော့ ကျွန်မကိုယ်တိုင်ကလည်း သူငယ်ချင်းတွေရဲ့ ဆွဲဆောင်မှုကြောင့် သုံးဖြစ်သွားတယ်။ ကျွန်မတို့ ဆေးချတော့လည်း နောက်အခန်းထဲမှာ သွားချတာပေါ့။ အဲဒီမှာ တစ်ဖက်က အခန်းတွေကလည်း Sex ပိုင်းဆိုင်ရာတွေ အရှက်မဲ့ပြုမူနေတာကို တွေ့ရတော့လည်း အားလုံးက တစ်မျိုးမဟုတ်တစ်မျိုး မူးနေတော့ မြင်သူရော ယိုသူရော ရှက်ရမှန်းကို မသိတော့ပါဘူး"ဟုဆိုကာ မဒါလီတစ်ယောက် မဏ္ဍပ်ပေါ်တွင် ကိုယ်တိုင်တွေ့ကြုံမြင်တွေ့ခဲ့ရခြင်းများကို အသေးစိတ်ရှင်းပြနေလေသည်။

ထို ၂၀၁၂ ခုနှစ်သင်္ကြန်မှစ၍ သူမ၏ဘဝသည် မူးယစ်သားကောင်ဘဝအဖြစ် လုံးဝကျရောက်သွားရာ မပြီးပြတ်သေးသည့် ပညာရေးဆက်လက်သင်ကြားရန်အတွက် စင်ကာပူသို့ပင် မပြန်နိုင်တော့။

မဒါလီသည် လူကုံထံအသိုင်းအဝိုင်းမှ မွေးဖွားလာသူပီပီ ငွေကြေးကို အတိုင်းထက်အလွန် သုံးစွဲနိုင်သူလည်းဖြစ်ရာ သူမ၏မိဘများကလည်း ပြောဆိုဆုံးမ၍မရနိုင်တော့သောသမီးဖြစ်သူကို ရင်ထုမနာဖြစ်ကာ ထိုင်ကြည့်နေရုံမှအပ မည်သို့မျှမတတ်နိုင်ခဲ့ဟု ဆိုသည်။

"အဲဒီတုန်းက ဆေးတွေလည်းသုံး၊ ဘီယာကလည်းသောက်၊ အဝတ်အစားဆိုမလုံ့တလုံဆိုတာမျိုးပဲ ရွှေဝတ်၊ မဏ္ဍပ်ပေါ်အပြတ်ကဲ၊ တွေ့သမျှမဏ္ဍပ်ပေါ်က ယောကျ်ားတွေနဲ့တွဲက။ ကိုယ့်ကို ဘယ်သူကလာဖက်ပြီး ဘယ်သူက နမ်းမှန်းမသိ။ ဒါကိုပဲ အဲဒီအချိန်က Feel တစ်မျိုးဖြစ်ခဲ့တာပေါ့"ဟု သူမက ဆိုသည်။

ယခုအခါ ဂျင်းပင်ကို တီရှပ်လက်တိုနှင့် လုံလုံခြုံခြုံတွဲဝတ်ထားပြီး အသားအရေဝင်းမွတ်ကာ ရွှေအိုရောင်ဆံပင်ကို ကျောလယ်ထိချထားသည့် မဒါလီက အချော အလှစာရင်းဝင်တစ်ယောက်ဖြစ်သည်။ ထို့ပြင် မဒါလီသည် ထိုစဉ်က သင်္ကြန်တွင်းနာမည်ကျော်သွားသော နာမည်ကျော်မင်းသမီးတစ်လက်၏ သူငယ်ချင်းတစ်ဦးလည်း ဖြစ်သည်။

"ကျွန်မက မိမဆုံးမ ဖမဆုံးမလိုကို ဖြစ်သွားတာ။ သင်္ကြန်ပြီးတော့ ဆေးစွဲတယ်။ အိမ်ကလည်း သမီးတစ်ယောက်တည်းပါတော့ ချစ်လည်းချစ်၊ အလိုလည်းလိုက်၊ ဘာမှလည်းမပြောနိုင်တော့ ကျွန်မက အရမ်းဆိုးခဲ့တာ။ အဲဒီနောက်ပိုင်း ခန္ဓာကိုယ်အနှံ့ တက်တူးတွေထိုး၊ ဘီယာအချိန်ပြည့်သောက်၊ ဆေးချ။ တကယ့်လမ်းဘေးစရိုက်ပဲ"ဟု မဒါလီတစ်ယောက် အတိတ်၏ အရိပ်ဆိုးများကို ပြန်လည်တူးဆွလျက် ပြောပြလေသည်။ သူ၏ သင်္ကြန်အတွေ့အကြုံမှာ ၂၀၁၂ သင်္ကြန်မှာတင် မရပ်ပါ။

၂၀၁၃ ခုနှစ် သင်္ကြန်တွင်မူ ယခင်နှစ်ကဲ့သို့ ဆေးစွဲသည်ထက် ပိုမိုဆိုးရွားသော အတွေ့အကြုံကို သင်္ကြန်ရေကစားမဏ္ဍပ်များထံမှ မဒါလီလက်ဆောင်ရလိုက်သည်။

သူ့ဘဝနှင့် ခန္ဓာကို သင်္ကြန်မဏ္ဍပ်၏နောက်ကွယ် ဗီနိုင်းစကာထားသော အခန်းလေးများအတွင်း မည်သူမည်ဝါမှန်းမသိသူ၏ အဖျက်အဆီးကို ခံခဲ့ရခြင်းပင်။

သင်္ကြန်ပြီး နှစ်လကြာသည့်အချိန် ဆေးခန်းပြကြည့်ရာမှာ သူမတွင် ကိုယ်ဝန်ရှိမှန်းသိခဲ့ရသည်။ မည်သူမည်ဝါ၏လက်ချက်ဆိုသည်ကိုပင် ခေါင်းစဉ်မတပ်နိုင်ခဲ့သည့် အခြေအနေ။

ထိုအဖြစ်အပျက်များကြောင့် ချစ်လွန်း၍ အလိုလိုက်ခဲ့သည့် မိဘများကပင် အရှက်လွန်ကာ သေကြောင်းကြံရန် ကြိုးစားခဲ့၍ မဒါလီတစ်ယောက် အသိတရားပြန်ဝင်လာခဲ့ခြင်းဖြစ်သည်ဟု မျက်ရည်များ တွင်တွင်စီးကျရင်း ရင်ဖွင့်ဆိုလာသည်။

"အတက်နေ့ အပြတ်ကဲမယ်ဆိုပြီး မူးတာမှန်သမျှ အကုန်ချထားတော့ ကိုယ့်ကို ဘယ်သူက ဘာလုပ်သွားမှန်းတောင် မသိဘူး။ နှစ်လလောက်နေမှ ကိုယ် ဒီလိုဖြစ်



သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုပင်ဖြစ်သော်လည်း ထိုပွဲတော်ကို အရုပ်ဆိုးအကျည်းတန်အောင် ပြုလုပ်ခဲ့သူများက သူမကဲ့သို့ ခေတ်လွန်သင်္ကြန်ပျော် လူငယ်များပင်ဖြစ်သည်ဟု သူမက ထပ်မံဆိုပြန်သည်။



တယ်ဆိုတာ သိရတာ။ တကယ့်ကို ဘဝက ရုပ်ဆိုးလွန်းသွားပါတယ်။ တခြားမိန်းကလေးတွေ ကျွန်မလိုဖြစ်မှာတော့ ကြောက်တာအမှန်ပါ"ဟုဆိုလာချိန်သည် မဒါလီ၏ အသက်အရွယ်က(၂၇)နှစ်သို့ ရောက်ရှိချိန်ဖြစ်ပြီး တစ်ချိန်က ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးလှိုင်းဂယက်အားလုံးလည်း တည်ငြိမ်စပြုနေချိန်ဖြစ်သည့်အပြင် စင်ကာပူရှိ ဆော့ဖ်ဝဲကုမ္ပဏီတစ်ခု၌ပင် တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။

သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုပင်ဖြစ်သော်လည်း ထိုပွဲတော်ကို အရုပ်ဆိုးအကျည်းတန်အောင် ပြုလုပ်ခဲ့သူများက သူမကဲ့သို့ ခေတ်လွန်သင်္ကြန်ပျော်လူငယ်များပင်ဖြစ်သည်ဟု သူမက ထပ်မံဆိုပြန်သည်။

စည်းလွတ်ဝါးလွတ် ခေတ်ပေါ်သင်္ကြန်ယဉ်ကျေးမှုနှင့်အတူ ရေကစားမဏ္ဍပ်များ၏နောက်ကွယ်ရှိ နားနေခန်းဟူသော ဗီနိုင်းကာအခန်းလေးများတွင် သူမကဲ့သို့ မိန်းကလေးအရေအတွက် မည်မျှအထိ ဘဝပျက်ခဲ့ပြီနည်း။

မကြာခင်ရက်ပိုင်းအတွင်း နှစ်သစ်ကူးအတာသင်္ကြန်ကျရောက်တော့မည်ဖြစ်သည့်အတွက် သင်္ကြန်ပွဲတော်တွင် ပါဝင်နွှဲပျော်မည့်မိန်းကလေးများအနေဖြင့် လိင်စိတ်လှုံ့ဆော်သည့်ဆေးဝါးများကို သတိပြုသင့်ပေသည်။ ထိုဆေးဝါးများသည် ဈေးကွက်တွင် အလွယ်တကူဝယ်ယူ၍မရဘဲ တစ်ဖက်နိုင်ငံမှ သင်္ကြန်ပွဲတော် နီးကပ်သည့်ရက်များတွင် သီးသန့်တင်သွင်းလေ့ရှိကြောင်းလည်း ပန်းဆိုးတန်းရှိ လိင်ဆိုင်ရာဆေးဝါးရောင်းချသူ ကိုမန်းနီးက ဆိုသည်။

"ကော်ဖီထုပ်၊ ပီကေရှိတယ်။ နောက်မဏ္ဍပ်တွေက အရက်စပ်ထားတဲ့ပုံးတွေထဲထည့်ဖို့က အနံ့အရသာမပါတဲ့ တရုတ်ကလာတဲ့ဆေးရှိတယ်။ အထူးသဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်တွင်းရေးရာ

# မြိတ်မြို့တွင် နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲ ကျင်းပ

**မြိတ် ဧပြီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်တို့အား မောင်နှမမြို့တော်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအတွေ့အကြုံများ၊ ရိုးရာအစဉ်အလာယဉ်ကျေးမှုများ၊ ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသခံပြည်သူများ၏ ထုတ်ကုန်ပစ္စည်းများ ဖလှယ်ရေးတို့အတွက် နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲကို ဧပြီ ၄ ရက် ညနေ ၃ နာရီက မြိတ်မြို့ ကမ်းနားလမ်းရှိ Myeik Shopping Center ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကား ပြောကြားရာတွင် ကုန်သွယ်မှုအခန်းကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထီးခီးမော တောင်နယ်စပ်စခန်းများ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုအပိုင်းနှင့် လမ်းပန်းဆက်သွယ်ရေးအပိုင်းတို့ကိုလည်း စီမံကိန်းရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများတွင် ကုန်စည်ပြပွဲများ ကျင်းပခြင်းအားဖြင့် အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများရယူ၍ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပရာကျွတ်ခီရီခန်ခရိုင် ခရိုင်ဝန် Mr. Weera Sriwathana-trakoon က အမှာစကားပြောကြားပြီး မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှသန်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားပြောကြားကြသည်။ ဆက်လက်၍ ပရာကျွတ်ခီရီခန်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက နှစ်နိုင်ငံချစ်ကြည်ရေး၊ စီးပွားရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်တက္ကသိုလ် ကျောင်းသူလေးများက ပုဂံအကအလှများ၊ သင်္ကြန်ယိမ်းအကများဖြင့်လည်းကောင်း၊ ပရာကျွတ်ခီရီခန်ခရိုင် ယဉ်ကျေးမှုအဖွဲ့က ရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကုန်စည်ပြပွဲကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲတွင် ပရာကျွတ်ခီရီခန်ခရိုင် OPOT လုပ်ငန်းရှင်များမှ ပရာကျွတ်ခီရီခန်ခရိုင်အတွင်း ထုတ်လုပ်သော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် မြိတ်မြို့ရှိလုပ်ငန်းရှင်များကလည်း စားသောက်ကုန်များ၊ လူသုံးကုန်များ ပြသရောင်းချပေးလျက်ရှိရာ ညပိုင်းတွင် ပြည်သူများ စည်ကားများပြားစွာ ဝယ်ယူအားပေးလျက်ရှိကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**




◗ **စာမျက်နှာ ၆ မှ**

အမျိုးသမီးတွေစိတ်ကို ဘာမှုမသိအောင် ဖြစ်စေတာ။ လိင်စိတ်ကြွစေတာမျိုးတွေ”ဟု ကိုမန်းနီးက ဆိုသည်။

၂၀၁၄ ခုနှစ်မတိုင်မီ အတာသင်္ကြန်ကာလများအတွင်း လိင်စိတ်ကြွကော်ဖီ၊ ပီကေများသာ သုံးစွဲမှုများရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် သင်္ကြန်ကာလမှစတင်၍ တရုတ်နိုင်ငံထုတ် အနံ့အရသာမရှိသော 1 ml အဖြူရောင်လိင်စိတ်ကြွဆေးပုလင်းများ သုံးစွဲလာသည်ဟု ရန်ကုန်မြို့တော်သင်္ကြန်မဏ္ဍပ်များတွင် ရေကစားခဲ့သူ အသက်(၂၄)နှစ်အရွယ် ကိုသက်မျိုးထွန်းက ဆိုသည်။

အဆိုပါဆေးရည်မှာ ဝယ်ယူရလွယ်ကူသည့်အပြင် သုံးစွဲရာတွင်လည်း သောက်သုံးမည့်အချိုရည်များတွင် ထည့်သုံးရသည့်အတွက် လွယ်ကူသောကြောင့် သင်္ကြန်မဏ္ဍပ်များတွင် အများအားဖြင့် သုံးစွဲခဲ့ကြသည်။ ထိုလိင်စိတ်ကြွဆေးရည်များကို သာမန်အားဖြင့် သုံးစွဲရာတွင် 1 ml တစ်ပုလင်းကို နှစ်ကြိမ်သုံးစွဲနိုင်ပြီး သုံးစွဲပြီး မိနစ် ၂၀ အကြာ လိင်စိတ်ပြင်းပြလာကြောင်း အဆိုပါဆေးညွှန်းများတွင် တရုတ်ဘာသာဖြင့် ရေးသားထားသည်။

သို့သော် ထိုဆေးရည်၏ နောက်ဆက်တွဲဆိုးကျိုးမှာ နှလုံးခုန်မြန်ကာ ဝမ်းသွားနိုင်သည့်အတွက် နှလုံးရောဂါအခံရှိသူများအတွက် အသက်အန္တရာယ်ရှိနိုင်ကြောင်း စိတ်ရောဂါအထူးကုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာဇော်မျိုးအောင်က ရှင်းပြသည်။

အသက်အန္တရာယ်နှင့် မကြုံတွေ့ရပါကလည်း နောက်ဆက်တွဲ လူမှုရေးပြဿနာများဖြစ်သည့် အရွယ်မရောက်သေးမီ အိမ်ထောင်ပြုရခြင်း၊ အတူနေအမျိုးသားက ကူးစက်ရောဂါအခံရှိလျှင် ထိုရောဂါပါကူးစက်ခံရခြင်း၊ မည်သူမည်ဝါမှန်း တိကျစွာမဖော်နိုင်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းများဖြစ်လာနိုင်သောကြောင့် သင်္ကြန်ပွဲနွှဲပျော်မည့် မိန်းကလေးများအတွက် အထူးစိုးရိမ်မိကြောင်း ၎င်းက ဆိုသည်။

မဒါလီသည် ပိုက်ဆံရှိအသိုင်းအဝိုင်းမှဖြစ်သည့်အတွက် သူမ၏အရှက်သိက္ခာများကို ငွေကြေးဖြင့် ဖြေရှင်းနိုင်ခဲ့သော်လည်း ငွေကြေးမတတ်နိုင်သည့် မိန်းကလေးများ၏ဘဝသည်ကား ထိုသင်္ကြန်သုံးရက် အပျော်လွန်မှုကြောင့် လမ်းဘေးရောက်သွားနိုင်သည့်အပြင် အသက်သေဆုံးခြင်းများပါ ဖြစ်ပေါ်နိုင်ကြောင်း ဒေါက်တာဇော်မျိုးအောင်က ဆိုလာသည်။

စိတ်ဓာတ်မြူးကြွပျော်ရွှင်ဖွယ်ကောင်းသော တက္ကနိုမြူးဇစ်၊ အရောင်စုံလူငယ်လူရွယ်များဖြင့် ပျော်ရွှင်ဖွယ်ရာအတိ ဖုံးလွှမ်းနေသော ရေကစားမဏ္ဍပ်များ၏နောက်တွင် မိန်းကလေးများအတွက် ကြောက်မက်ဖွယ်ရာထောင်ချောက်များစွာကား ရှိနေသည်။ အရက်၊ ဘီယာ တရားဝင်နီးပါး သုံးစွဲခွင့်ရနေသော စိတ်ကြွဆေးဝါးများ၊ လိင်စိတ်ကြွစေသည့် ဓာတုဆေးဝါးများ၊ မူးယစ်ထုံထိုင်း၍ အသိစိတ်ပျောက်ရှနေသည့် ဖိုမများ၊ မဏ္ဍပ်နောက်ဘက်မှ နားနေခန်းအမည်ခံ ဗီနိုင်းကာ အခန်းလွတ်များ။

ယခုအခါ စင်ကာပူနိုင်ငံတွင်နေထိုင်ကာ သင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံကို ခေတ္တပြန်လာသော မဒါလီသည် လွန်ခဲ့သောနှစ်များက ခေတ်လွန်သင်္ကြန်၏ မဏ္ဍပ်ထောင်ချောက်များကို ဘဝနှင့်ရင်း၍ သိလိုက်ရသည်။

ယခုတော့ မဒါလီတစ်ယောက် သင်္ကြန်၏အနှစ်သာရကို တည်ငြိမ်စွာရှာဖွေတွေ့ရှိခဲ့လေပြီ။

“ကျွန်မအခု ဆေးလည်းပြတ်ပြီ။ ဒီနှစ်တရားစခန်းဝင်မယ်။ ကျွန်မကို ပြီးခဲ့တဲ့သင်္ကြန်တွေက ဘဝသင်ခန်းစာတွေ အများကြီးပေးလိုက်ပါပြီ”ဟူ၍သာ။ ။

***ပုဂ္ဂလိကမီဒီယာနှင့် နိုင်ငံပိုင်မီဒီယာများ၏ သဘောသဘာဝနှင့် ရပ်တည်ချက်မတူညီသော်လည်း အများပြည်သူကျယ်ပြန့်စွာ သိရှိစေရန်အလို့ငှာ ဖော်ပြခွင့်ပြုခြင်းဖြစ်ပါသည်။***

***(အယ်ဒီတာ The Voice Weekly)***



# ဆင်ဖြူတော်ရတနာ ရန်ကုန်မြို့ လှော်ကားဥယျာဉ်မှတစ်ဆင့် နေပြည်တော်သို့ ဆက်လက်သယ်ဆောင်

**ရန်ကုန် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်းအကွက်အမှတ်(၈) သစ်ပုတ်ချောင်းဖျားမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်က ထပ်မံပေါ်ထွန်းခဲ့သည့် ဆင်ဖြူတော်ရတနာကို ရရှိခဲ့သည့်နေ့မှစ၍ ရေသိုးမှိန်းသင် ဆင်စခန်းတွင် ပုခက်သွင်းလေ့ကျင့်ခဲ့ရာ အချိန်တိုအတွင်း လိမ္မာယဉ်ကျေးလာခဲ့သည်။

ဆင်ဖြူတော်ရတနာကို ရေသိုးမှိန်းသင် ဆင်စခန်းမှ ဧပြီ ၃ ရက်က မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာခဲ့ရာ ဧပြီ ၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ လှော်ကားဥယျာဉ်သို့ ရောက်ခဲ့ပြီး ဧပြီ ၅ ရက် နံနက် ၅ နာရီက လှော်ကားဥယျာဉ်မှ ဖိုးကျားဆင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်သည်။

ဆင်ဖြူတော်ရတနာကို နေပြည်တော်သို့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးမှ သယ်ဆောင်သွားမည်ဖြစ်ရာ မိုင်တိုင်အမှတ်(၈၃)ရှိ မြို့ချောင်းတွင် ခေတ္တရပ်နားပြီး ထိုမှတစ်ဆင့် မိုင်တိုင်အမှတ်(၁၇၃)ရှိ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဖိုးကျားဆင်စခန်းတွင် ညအိပ်ရပ်နားကာ ဧပြီ ၆ ရက်တွင် နေပြည်တော်သို့ အရောက်ပို့ဆောင်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာ ၁၅၂၉ ခန်း တည်ဆောက်ပြီးစီး

**နေပြည်တော် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများနှင့် ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ဝန်ထမ်းအိမ်ရာများမှ အိမ်ခန်းပေါင်း ၇၁၈ ခန်း၊ မန္တလေးမြို့ (၂၆)လမ်းနှင့် (၂၇)လမ်းကြား၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြားတွင် ဆောင်ရွက်လျက်ရှိသည့် စိတ္တရမဟီအဆင့်မြင့်အိမ်ရာစီမံကိန်းတွင် Apartment များမှ ၁၄၄ ခန်း၊ ကွန်ဒိုအဆောက်အအုံများမှ ၁၃၅ ခန်း၊ Show Room၊ Office and Others များမှ အခန်း ၁၀၀၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာစီမံကိန်းမှတည်ဆောက်ပြီး လေးခန်းတွဲ လေးထပ် ၂၇ လုံးမှ အခန်းပေါင်း ၄၃၂ ခန်း၊ ထပ်မံတည်ဆောက်မည့် ရှစ်ခန်းတွဲ ငါးထပ် အလုံး ၂၀ မှ အခန်းပေါင်း ၈၀၀ သို့ဖြစ်၍ တည်ဆောက်ပြီး အခန်းပေါင်း Units ၁၅၂၉ ခန်းနှင့် တည်ဆောက်ဆဲအခန်း ၈၀၀ စုစုပေါင်းအခန်း ၂၃၂၉ အား ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၄ ရက်က အဆိုပါတည်ဆောက်လျက်ရှိသည့် မန္တလေးမြို့ စိတ္တရမဟီအိမ်ရာစီမံကိန်းနှင့် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းလုပ်ငန်းခွင်များအား ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကပူးပေါင်းပြီး SRT(1) ယာဉ်လိုင်းပြေးဆွဲ

**ရန်ကုန် ဧပြီ ၅**

ကုန်းလမ်းပို့ဆောင်ရေးနှင့် စန်းရောင်နီကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကာ SRT(1) ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းက ဗိုလ်တထောင်(ခရီးသည်ပို့ဆောင်ရေးဝင်း)မှ အောင်မင်္ဂလာအဝေးပြေးသို့ စီးတီးဘတ်စ်ယာဉ်စီးရေ ၂၀ ဖြင့် SRT(1) ယာဉ်လိုင်းပြေးဆွဲနေကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်း ပြေးဆွဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ မတ် ၁၄ ရက်က ခွင့်ပြုလိုက်ခြင်းဖြစ်ပြီး ဆက်လက်ပြီး ယာဉ်ငါးစီးထပ်မံအားဖြည့်ရန် စီစဉ်နေကြောင်း သိရသည်။ ထိုယာဉ်များတွင် ယာဉ်အသင်း၏တံဆိပ်ကို ယာဉ်နဖူးစီးတွင် ကပ်ထား၍ ပြေးဆွဲနေပြီး ခရီးစဉ်တစ်လျှောက် အပိုင်းများ ပိုင်းဖြတ်ကာ တစ်ပိုင်းလျှင် ယာဉ်စီးခ ကျပ် ၅၀ နှုန်းသတ်မှတ်၍ ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀ သတ်မှတ်ထားသည်။

ရန်ကုန်မြို့တွင်း နေ့စဉ်သွားလာနေသူများမှာ ပျမ်းမျှ ၂ ဒသမ ၅ သန်းကျော်ရှိနေရာ ရုံးတက်၊ ရုံးဆင်းချိန်များတွင် ခရီးသည်ပြည့်ကျပ်ကာ သွားလာနေရမှုအပေါ် အဆင်ပြေချောမွေ့စေရေးအတွက် ပုဂ္ဂလိကယာဉ်ပိုင်ရှင်တစ်ဦးချင်းစီမှ တည်ထောင်ထားသော ယာဉ်လိုင်းများသာမကဘဲ ယင်းကဲ့သို့သော ဌာနဆိုင်ရာနှင့် ကုမ္ပဏီအဖွဲ့အစည်းများ ပူးပေါင်းလုပ်ကိုင်သော ယာဉ်လိုင်းများဖြင့်လည်း ဝန်ဆောင်မှုများပေးကာ သယ်ယူပို့ဆောင်နေလျက်ရှိကြောင်း သိရသည်။

**(၆၈၀)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

### ၆-၄-၂၀၁၅ (တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | ၇း၃၅ | “ဘဝအလင်းရောင် မီးရှူးတန်ဆောင်” |
| ၆း၄၅ | “ထူးထွေဆန်းလည်အောင်ဗောဓိ တောင်ညွှန့်ထက်တည် မဟာသကျရုံသီ ရုပ်ရှင်တော်မြတ်ဆီ” | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁း၄၅ | “နေရယ်၊ လရယ်၊ အမှန်တရားရယ်” (ရွှေးကောက်ပွဲ)(ဇာတ်သိမ်း) (မိုးယံဇွန်၊ နေယံ၊ ဘုဏ်းသိုက်၊ ဆုပန်ထွာ) (ဒါရိုက်တာ-အောင်ကိုလတ်) | ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ -နိုင်ငံခြားဇာတ်လမ်းတွဲ “လက်တွဲဖော်” (အပိုင်း-၇) |

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြင်ဦးလွင်တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများအား သွားရောက်တွေ့ဆုံအားပေး



**နေပြည်တော် မေ ၅**

ပြင်ဦးလွင်မြို့တွင်ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီက ပြင်ဦးလွင်မြို့ရှိ သူရမချစ်ပိုအုတ်ဂူသို့သွားရောက်ဂုဏ်ပြုပန်းခွေချခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံတွင် လောက်ကိုင်ဒေသတိုက်ပွဲများ၌ ဒဏ်ရာရရှိခဲ့ကြသဖြင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော တပ်မတော်သားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို တစ်ဦးချင်းပေးအပ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံခန်းမ၌ ကျင်းပသည့် နိုင်ငံတော်အတွက် အသက်ပေးဆက်သူ တပ်မတော်သားများနှင့် ဒဏ်ရာရတပ်မတော်သားများအား ဂုဏ်ပြုသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် အမျိုးသားလွှတ်တော်၏ ယခုခရီးစဉ်သည် နိုင်ငံတော်အတွက် အသက်စွန့်တိုက်ပွဲဝင်နေကြသော ရှေ့တန်းရောက်တပ်မတော်သားများ၊ တပ်မတော်သားများ နည်းတူ တိုက်ပွဲဝင်နေကြသည့် မိသားစုဝင်များ၊ ဆေးတပ်ဖွဲ့ဝင်များ၊ အလားတူ ကြက်ခြေနီ၊ မီဒီယာစသည့် ဆက်နွှယ်နေသူများကို အလေးပြုသည့်ဂုဏ်ပြုခရီးစဉ်ဖြစ်ပါကြောင်း။

တပ်မတော်၊ ကြက်ခြေနီ၊ မီဒီယာတို့နှင့် ပတ်သက်၍ လားရှိုးမြို့တွင် ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်သားများအနေဖြင့် ရှေးယခင်က ရှေ့တန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု အလွန်ချို့တဲ့ခဲ့ပါကြောင်း၊ အရေးပေါ်ကုသနိုင်ရေးအတွက် မော်ဖိန်း၊ အသက်ကယ်ဆေးများနှင့် ကျန်ဆေးဝါးများကို တပ်မတော်သားများကိုယ်တိုင် အရန်သင့်ဆောင်ထားရပါကြောင်း၊ မိမိတို့ခေတ်ကာလတွင် ငှက်ဖျားရောဂါသည် အဓိကရန်သူအဖြစ် ရှိနေခဲ့ပါကြောင်း၊ ရှေ့တန်းတွင် မိုင်းဒဏ်ရာရရှိပါက ရှေးဦးသူနာပြုစုမှုကောင်းမွန်မှုမရှိသည့်အတွက် ခြေဖျားခြေဆစ် မိုင်းထိလူနာများအနေဖြင့် ဒူးအထက်သို့တိုင် ဖြတ်တောက်ကုသမှုကို ခံခဲ့ရသည်များလည်းရှိပါကြောင်း၊ ယခုအချိန်တွင် ဆရာဝန်များကိုယ်တိုင်ပါရှိသည့်အတွက် ရှေးဦးပြုစုမှုကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည့်အပြင် အချိန်မီလည်း ဆေးရုံသို့ ပို့ဆောင်ပေးနိုင်သည့်အတွက် ယနေ့ဆေးရုံတွင် တွေ့ရှိရသည့်အခြေအနေမှာ ကျေနပ်ဖွယ်ဖြစ်ပါကြောင်း။

ယခင်က ရှေ့တန်းတာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်အတွက် အသက်ပေးဆက်သွားသူများကို ရောက်ရှိနေရာများတွင်သာ သင့်လျော်သလို သင်္ဂြိုဟ်မြေမြှုပ်ခဲ့ရပါကြောင်း၊ လောက်ကိုင်ဒေသဖြစ်စဉ်များတွင် အသက်ပေးဆက်သူများကို မီးသင်္ဂြိုဟ်၍ အရိုးပြာများကို ရအောင်သယ်ယူကာ လားရှိုးမြို့တွင် သူရဲကောင်းစစ်သည်ဗိမာန်တည်ဆောက်၍ ဂုဏ်ပြုပေးနိုင်ခဲ့ပါကြောင်း၊ အချို့သော လူ့ခန္ဓာများသည် တပ်မတော်၏ ကျေးဇူးတရားများကို နားလည်သိရှိခြင်းမရှိဘဲ တပ်မတော်မကောင်းကြောင်းပြောလျှင် သဘောကျနေကြကြောင်း၊ တပ်မတော်မရှိလျှင် ဘာဖြစ်သွားမလဲ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများကို ပြန်လည်ဖတ်ရန်လိုအပ်ကြောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုတာကို နားမလည်၊ သဘောမပေါက်၊ လက်မခံနိုင်သူများ ရှိနေသေးကြောင်း။

အမျိုးသားလွှတ်တော်ဟူသည်မှာ တစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ယခုခရီးစဉ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီနှင့် အမျိုးသားလွှတ်တော်တွင်ရှိသော နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် ယခုကဲ့သို့ လာရောက်ဂုဏ်ပြုချီးမြှင့်ခြင်းသည် တစ်နိုင်ငံလုံးကိုယ်စား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

အရပ်ထဲတွင် မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဟူသည့် စကားရှိသော်လည်း တပ်မတော်တွင် မောင်တစ်ထမ်း၊ မယ်တစ်ထမ်းဟူ၍သာ ပြောရမည်ဖြစ်ပါကြောင်း၊ မိသားစုများသည် စစ်ပညာရပ်များဖြစ်သည့် တပ်စိတ်၊ တပ်စုအဆင့် စစ်နည်းဗျူဟာဘာသာရပ်များ၊ လက်နက်ငယ်/လက်နက်ကြီးကျွမ်းကျင်မှုများ သင်ယူထားပြီး နောက်တန်းလုံခြုံရေးကို တာဝန်ယူကြရကြောင်း၊ ယခု လောက်ကိုင်ဒေသတပ်ရင်းတပ်ဖွဲ့များမှ ရဲမေများသည် ခင်ပွန်းသည် တပ်မတော်သားများ ရှေ့တန်းတာဝန်ထမ်းဆောင်နေသည့်အတွက် တပ်ရင်းဌာနချုပ်များကို ၎င်းတို့ကိုယ်တိုင် ရှပ်ရှပ်ခွံခွံ ကာကွယ်တိုက်ပွဲဝင်ခဲ့သည်ကို သိရှိရပါကြောင်း၊ အကြောင်းတိုက်ဆိုင်၍ မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် တိုက်ပွဲဝင်၍ စွမ်းရည်သတ္တိဘွဲ့ရရှိသည့် သူရမချစ်ပိုအကြောင်းကို ပြောကြားလိုပါကြောင်း၊ မချစ်ပိုသည် အမှတ် (၁) ပေါင်းစပ်စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းမှ တပ်ကြပ်လှမောင်၏ဇနီးဖြစ်ပါကြောင်း။

ရောင်စုံသောင်းကျန်းသူများသည် ပြင်ဦးလွင်မြို့ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အလစ်အငိုက် စီးနင်းသိမ်းပိုက်ခဲ့သဖြင့် တပ်မတော်က ဆုတ်ခွာခဲ့ပြီး ပြန်လည်တိုက်ခိုက်ရာတွင် ရန်သူ့သတင်းထောက်လှမ်းရေးတာဝန်များကို မည်သူ့တိုက်တွန်းချက်မျှမပါဘဲ မချစ်ပိုကိုယ်တိုင်ဆန္ဒပြုပြီး စွမ်းဆောင်ခဲ့သူဖြစ်ပါကြောင်း၊ ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်ရင်း ရဲရဲတောက်သတ္တိသွေးဖြင့်ရန်သူ့ခံစစ် စခန်းကုန်းများကို ရှေ့တန်းကျကျပါဝင်တိုက်ခိုက်ခဲ့ပါကြောင်း၊ မချစ်ပိုသည် ခမောက်တစ်လုံးဆောင်း၊ တုတ်တစ်ချောင်းကိုင်ကာ နွားကျောင်းသူယောင်ဆောင်၍ ရန်သူ့လက်နက်ကြီးနေရာများကို သိရှိအောင် စုံစမ်းပြီးသတင်းများပေးပို့နိုင်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် ရန်သူများကို ထိထိရောက်ရောက် ပြန်လည်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ မချစ်ပို၏ စွမ်းဆောင်မှုကြောင့် သောင်းကျန်းသူများသည် ၎င်းကို လွန်စွာ မုန်းတီးကြပါကြောင်း၊ မချစ်ပိုတစ်ယောက်၏ အင်အားသည် စစ်သည်တစ်သိန်းအားနှင့် ညီမျှခဲ့သည်ဟုပင် တင်စားလိုကြောင်း၊ မချစ်ပိုသည် ရန်သူ၏ လက်ချက်ကြောင့် တိုက်ပွဲတွင် ဝမ်းဗိုက်ဒဏ်ရာပြင်းထန်စွာရရှိ၍ ပြင်ဦးလွင်ရှိ ဒေါက်တာဘရှင်က ဆေးကုသပေးနေချိန်တွင် သစ္စာဖောက်တစ်ဦး၏ သတင်းပေးလက်ထောက်ချမှုကြောင့် ရန်သူ၏ ဖမ်းဆီးမှုကိုခံခဲ့ရပါကြောင်း။

ရောင်စုံသောင်းကျန်းသူများသည် တပ်မတော်၏ သတင်းရရှိရေးအတွက် မချစ်ပိုကို ပြင်းထန်စွာ ရက်ရက်စက်စက် နှိပ်စက်စစ်ဆေးခဲ့ကြကြောင်း၊ နှိပ်စက်မှုများကို ကြံ့ကြံ့ခံပြီး လုံးဝမဖော်သည့်အတွက် မေ့မြောနေသော မချစ်ပိုကို ရေတွင်းထဲသို့ ပစ်ချပြီး အုတ်ခဲများဖြင့် ဖို့ထားခဲ့ကြောင်း၊ မချစ်ပိုသည် ၁၉၄၉ ခုနှစ် ဧပြီလ ၈ ရက်နေ့ အသက် (၄၂)နှစ်အရွယ်တွင် နိုင်ငံအတွက် အသက်ပေးလှူခဲ့ကြောင်းကို မှတ်တမ်းမှတ်ရာများအရ သိရှိရပြီး နိုင်ငံတော်ကလည်း သူရဘွဲ့ချီးမြှင့်ခဲ့သဖြင့် အမျိုးသမီးများထဲတွင် ပထမဆုံးနှင့် တစ်ဦးတည်း သူရဘွဲ့ရရှိခဲ့သူဖြစ်ပါကြောင်း၊ ယနေ့သည် မေ ၅ ရက်ဖြစ်သည့်အတွက် (၆၆)နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထို့အတွက် မချစ်ပိုကို မမေ့ကြရန် မှာကြားချင်ပါကြောင်း၊ ယနေ့နံနက်တွင်လည်း မချစ်ပိုအုတ်ဂူသို့ သွားရောက်အလေးပြု၍ လွမ်းသူ့ပန်းခွေချခဲ့ပါကြောင်း၊ လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များတွင် ရဲမေများက ရှပ်ရှပ်ခွံခွံတိုက်ပွဲဝင်ခဲ့ကြသည်ကို အထူးအလေးထား ဂုဏ်ပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက ဂုဏ်ပြုရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လောက်ကိုင်ဒေသဖြစ်စဉ်များနှင့် ပတ်သက်ပြီး နိုင်ငံတော်အတွက် အသက်ပေးဆက်သူ တပ်မတော်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၅၀၀ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းက လက်ခံရယူသည်။

ဆက်လက်၍ ဒဏ်ရာရ တပ်မတော်သားများအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀၀ ကို အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်ရွှေက ပေးအပ်ရာ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်က လည်းကောင်း၊ တိုက်ပွဲဝင်ခဲ့ကြသည့် ရဲမေများအတွက် အမျိုးသားလွှတ်တော်ရုံးမှ ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ ကို အမျိုးသားလွှတ်တော်ရုံးကိုယ်စား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ပေးအပ်ရာ ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံ တပ်မှူးဗိုလ်မှူးကြီးမျိုးသန့်က လည်းကောင်း ဂုဏ်ပြုငွေများကို လက်ခံရယူကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဦးလွင်မြို့မှ နေပြည်တော်သို့ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

မေ ၄ ရက် ညပိုင်းတွင် ပြင်ဦးလွင်ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက် ဒဏ်ရာရတပ်မတော်သားများကို အနုပညာရှင်များက ဖျော်ဖြေသည့် ဂုဏ်ပြုပွဲကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ ပြင်ဦးလွင်တပ်နယ် တပ်မတော်အရာရှိကြီးများနှင့် တပ်တော်သားများ၊ ဒဏ်ရာရ တပ်မတော်သားများ၊ တပ်နယ်မှ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကျေးရွာဝါဒသီချင်းဖြင့် သီဆိုဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင်ဦးဆောင်သည့် အနုပညာရှင်များဖြစ်ကြသော နန်းဆုရတီစိုး၊ သီရိရှင်းသန့်နှင့် ဟန်သီတို့က တေးသံသာများဖြင့်လည်းကောင်း၊ တယောပညာရှင် ဂျူးဂျူးကော၊ နိုနိုကေနှင့် မစ္စတာကေတို့က တေးသံသာများကို တီးခတ်ဖျော်ဖြေခြင်းဖြင့်လည်းကောင်း၊ အနုပညာရှင်များစုပေါင်း၍ သင်္ကြန်မိုးသီချင်းဖြင့် လည်းကောင်း၊ အငြိမ့်မင်းသမီး သန္တာလင်းနှင့် နှင်းဆုလှိုင်၊ လူရွှင်တော် ဦးထင်ပေါ်၊ ဦးထင်ကျော်၊ ချစ်ဖူး၊ ထက်လင်းနှင့် အေးချမ်းတို့အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း အသီးသီးဂုဏ်ပြုဖျော်ဖြေခဲ့ကြသည်။

**(သတင်းစဉ်)**

# မဟာသင်္ကြန်အကြိုကာလ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအစီအမံ ညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မဟာသင်္ကြန်အကြိုကာလတွင် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ဒုတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ ဦးစီးအရာရှိ(ပထမတန်း) ဒုရဲမှူးကြီး မင်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ အမှတ်(၆) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲ (ရန်ကုန်)နှင့် မူးယစ်တပ်ဖွဲ့ခွဲ(၃)တို့မှ ရဲအရာရှိများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ တိုင်းအကူတပ်ဖွဲ့ခွဲမှတပ်ခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာဖြင့် ရေးကစားနိုင်ရေးအတွက် သင်္ကြန်အကြိုကာလမှစတင်ကာ ထိရောက်သော မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တရားမဝင်ကာမစိတ်ကြွဆေးဝါးများ သုံးစွဲမှုကြောင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာနိုင်သဖြင့် ပညာပေးခြင်း၊ အရေးယူခြင်းတို့ကိုလည်း အရှိန်မြှင့်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ခိုး၊ ဆိုး၊ နှိုက် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူသွားရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးအတွက် ထိထိရောက်ရောက် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက သင်္ကြန်အကြိုကာလ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် စီမံချက်ပါအတိုင်း အရှိန်မြှင့်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထင်ထင်ရှားရှား ပုံရိပ်များ (၁)

သန်းဇော် (စီမံ/စီးပွား)

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲကျင်းပပြီး ၂၀၁၁ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ နိုင်ငံတော်တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ အသိုက်အဝန်း မှလည်း ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို အပြုသဘော ဖြင့် စဉ်ဆက်မပြတ် တုံ့ပြန်လျက်ရှိပါသည်။

အနောက်နိုင်ငံအစိုးရများမှ ယခင်က ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုများကို ဖျက်သိမ်းခဲ့သည်။ မြန်မာနိုင်ငံသည် ပဲရစ်ကလပ် (Paris Club) စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုး ရေးဘဏ်တို့တွင် တင်ရှိနေသော ကြွေးမြီများကို ပြေလည် အောင် ရှင်းထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အဓိက ကြွေးမြီကို ပြေလည်စေလျက် စာချုပ်သစ်များက ချေးငွေ သစ်များဖြင့် နိုင်ငံ၏အရေးတကြီးလိုအပ်နေသော ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် အဓိကပံ့ပိုးပစ္စည်းများ ကို ရရှိနိုင်မည် ဖြစ်သည်။

အစိုးရ၏ ပထမ(၅)နှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ခုနှစ်) အထိကို "ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ချမှတ်အကောင်အထည် ဖော်လျက်ရှိပါ သည်။ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစားနိုင်သည့် တိုးတက်မှုကို ရရှိနိုင်စေရန် ဆောင်ရွက်သကဲ့သို့ ဦးစား ပေးနယ်ပယ် (၇)ရပ်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးတိုးတက်ကောင်းမွန် ရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လက်တွေ့ကျကျ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးရုံများ၊ ကျောင်းများ တည်ဆောက်ပေးခြင်း၊ လမ်းများ ဖောက်လုပ်ပေးခြင်း၊ တံတားများဆောက်လုပ်ပေးခြင်း၊ ဆက်သွယ်ရေးလွယ်ကူ ချောမွေ့စေရေး တယ်လီဖုန်း၊ အင်တာနက်လိုင်းများ ဖန်တီးပေးခြင်းစသည့် hard infrastructure များသာမက နိုင်ငံဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော မူဝါဒများ ချမှတ်ပေးခြင်း၊ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲခြင်း၊ ဘဏ်စနစ်ပြုပြင်ပြောင်းလဲခြင်း၊ လူမှုဘဝသာယာဝ ပြောရေးအတွက် လူမှုရေးဆိုင်ရာများ ဖြည့်ဆည်းပေးခြင်း စသည့် soft infrastructure များကိုလည်း ဖြည့်ဆည်း ပေးလျက်ရှိပါသည်။

ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝသာယာဝပြောရေးအတွက် အခြေခံအဆောက် အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအားလုံးတွင် ဖြန့်ကြက် နိုင်သမျှ ဖြန့်ကြက်ပေးထားသည်။ ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ပေးထားသည်။ အနာဂတ်၌ စိန်ခေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်အပေါ် တွက်ဆပြီး ရေရှည်ရပ်တည် နိုင်ရေး စီမံဖန်တီးပေးထားသည်။

နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်မှ တစ်ခု ဖြစ်သည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အောင် မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သယ်ယူ ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု သည် မရှိမဖြစ် လိုအပ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုး တိုးတက်မှုရရှိရန် အရှိန်အဟုန် မြင့်တင်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုများဖြင့် အောက်ခြေမှစတင်၍ ပြုပြင် ပြောင်းလဲမှုလုပ်ငန်းစဉ်များကို တွန်းအားပေး ဆောင်ရွက် လျက်ရှိပါသည်။ လူဦးရေ ၅၁ သန်းကျော်ရှိပြီး သဘာဝ သယံဇာတများ ပေါကြွယ်ဝသောနိုင်ငံဖြစ်သည့် မြန်မာ နိုင်ငံသည် အခြေခံအဆောက်အအုံပြည့်စုံပါက ဖွံ့ဖြိုး တိုးတက်မှုကို အလျင်အမြန်ရရှိနိုင်မည်ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ပြေးညီတိုးတက်ရေးနှင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ရှေးရှုလျက် လမ်း၊ တံတားများကို အသစ် ဖောက်လုပ်ခြင်း၊ လက်ရှိ လမ်း၊ တံတားများကို ပြုပြင် ထိန်းသိမ်းခြင်း၊ မြို့ပြနှင့် ဒေသစီမံကိန်းများ အကောင် အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန် ဖြင့် ကြိုးပမ်းဆောင်ရွက်မှုကို အောက်ပါပုံရိပ်များက သက်သေပြလျက်ရှိပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (၁၃/၅)မိုင် (စကားအင်း-တံတားဦး-တံခွန်တိုင်လမ်း အပိုင်း)၊ မအူပင်-

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ)အထိ**
**လမ်းအမျိုးအစားအလိုက် ဖောက်လုပ်ပြီးစီးမှု (မိုင်)**

| စဉ် | အမျိုးအစား | ၂၀၁၀-၁၁ ဘဏ္ဍာနှစ် | ၂၀၁၄-၁၅ ဘဏ္ဍာနှစ် | တိုးလာသည့်မိုင် |
|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်း | | ၆၀၄ | ၆၀၄ |
| ၂။ | ကတ္တရာလမ်း | ၁၆၄၄၄ | ၁၉၃၀၉ | ၂၈၆၅ |
| ၃။ | ကျောက်လမ်း | ၁၉၂၈၆ | ၁၉၉၄၂ | ၆၅၆ |
| ၄။ | အမာခံလမ်း | ၃၂၂၃ | ၃၄၇၉ | ၁၁၅၆ |
| ၅။ | မြေလမ်း | ၃၅၁၁၄ | ၄၀၀၀၈ | ၄၈၉၄ |
| | **စုစုပေါင်း** | **၇၄၀၆၇** | **၈၄၂၄၂** | **၁၀၁၇၅** |

တွံတေးလမ်း(၃၀/၁)မိုင်၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ မင်းဘူး-စလင်းလမ်းအပါအဝင် လမ်းမိုင် ၁၀၁၇၅ မိုင် တိုးချဲ့ဖောက်လုပ်ခဲ့ပါသည်။ ကသာ-ဗန်းမော် လမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ပုသိမ်-မုံရွာလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ တောင်ကုတ်-မအီ-ပဒဲကြော-အမ်းလမ်း၊ ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်း၊ မအူပင်-တွံတေးလမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ကလေး-ဂန့်ဂေါလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း၊ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း၊ ရန်ကုန်-စစ်တွေလမ်း၊ ပျဉ်းမနား-ပင်လောင်းလမ်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်း၊ ကသာ-စင်းခန်းလမ်း၊ ရွှေဘို-စပါယ်နံ့သာ-ကန့်ဘလူလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း(ဆားလင်းကြီး)၊ ကလေး-ဂန့်ဂေါလမ်း(ကလေး)၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း၊ ကိုးပင်-သာဂရလမ်း၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း၊ ပုသိမ်-ငပုတောလမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်းများကို ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မန္တလေး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ တာလေ-မိုင်းပါးသျှိုး- ကျိုင်းလပ်လမ်း၊ တရနာ-ဘုရားကုန်း လမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ရွှေဘို-မြစ်ကြီးနား-ပူတာအိုလမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ကညင်တန်း-အလယ်သံကျော်-အင္ဂူမော်လမ်း၊ သန်လျင်-သီလဝါလမ်းမကြီး၊ ကြိမ်ပင်ဆယ်-စကြော့-ခနိုဖြူ-ဇလွန်လမ်းများ ဆက်လက်ဖောက်လုပ်လျက် ရှိပါသည်။

စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ မော်တော်ကား တင်သွင်းမှု ဖြေလျှော့ပေးခြင်းနှင့်အတူ ရန်ကုန်မြို့တော်၏ မြို့တွင်းလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် ရွှေဂုံတိုင် ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတား၊ ကမ္ဘာအေးခုံးကျော်တံတား၊ မြေနီကုန်းခုံးကျော်တံတားများလည်း ထွက်ပေါ်လာခဲ့သည်။

အထက်ပါတံတားကြီးများအပြင် တည်ဆောက်ဆဲ ပေ(၁၈၀)နှင့်အထက် တံတားကြီးများအဖြစ် **ကချင်ပြည်နယ်**တွင် မချမ်းဘောတံတား၊ မူလာရှီဒီးတံတား၊ မံရွတ်တံတား၊ **ကရင်ပြည်နယ်**တွင် ဝင်းရော်မြစ်ကူးတံတား၊ **စစ်ကိုင်းတိုင်းဒေသကြီး**တွင် လွဲဆိပ်ချောင်းတံတား၊ မူးမြစ်ကူး တံတား၊ ချင်းတွင်းတံတား(ကလေးဝ)၊ **ပဲခူးတိုင်းဒေသကြီး**တွင် စစ်တောင်းမြစ်ကူးတံတား၊ မဒေါက်ကလေး တံတား၊ ထန်းပင်ကုန်းတံတား၊ **မကွေးတိုင်းဒေသကြီး**တွင် တော်ဝင်တံတား၊ ဆားဗွက်ချောင်းတံတား၊ ရွှေချောင်း တံတား၊ **မန္တလေးတိုင်းဒေသကြီး**တွင် ဒုဋ္ဌဝတီတံတား၊ **ရခိုင်ပြည်နယ်**တွင် ရွာချောင်းကြီးတံတား၊ ဇင်ချောင်း တံတား၊ စွန်ရဲမြစ်တံတား၊ ဆင်ခုံတိုင်မြစ်ကူး တံတား၊ စံမတီးချောင်းတံတား၊ **တနင်္သာရီတိုင်းဒေသကြီး**တွင် ကြဲတံတား၊ ညောင်ပင်ကွင်းတံတား၊ **ရှမ်းပြည်နယ်**တွင် ကင်းချောင်းတံတား၊ နမ်ပန်ချောင်းတံတား(မိုင်းရှူး)၊ နမ်ပန်ချောင်းတံတား (မုန်းစမ်း)၊ **ဧရာဝတီတိုင်းဒေသကြီး**တွင် ဘိုကလေးမြစ်ကူးတံတား၊ စော်ကဲတံတား၊ လမ်းသမိုင်တံတား၊ သူဌေးကုန်းတံတား၊ လိပ်ချောင်းတံတား၊ စက်ဆန်းချောင်းတံတား၊ ဘုံမိတံတား၊ ကွင်းပေါက်တံတား၊ ရေတွင်းချောင်းကျယ်တံတား၊ ပိုးလောင်းလေးတံတား၊ ပိုးလောင်းကြီးချောင်းတံတား၊ ရေဝန်းကြီး တံတား၊ ရေဝန်းလေးတံတား၊ လှိုင်းဘုန်းတံတား၊ ခနုံးချောင်း တံတား၊ လေးခွကြီးတံတား၊ ဘင်္ဂလာကြီးတံတား၊ ဒေါင့် ချောင်းတံတား၊ ကျောက်ကလပ်တံတား၊ ဆားကျင်းချောင်း တံတား၊ ဟိုင်းကြီးကျွန်းတံတား၊ ကျွဲခြံရေကျော်တံတား၊ သစ်ပုတ်ချောင်းတံတား၊ ဖျာလိပ်တံတား၊ စခန်းချောင်း တံတားတို့ကို တည်ဆောက်လျက်ရှိပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻**

**ဟားခါးခရိုင်အတွင်းရှိ ဟားခါးမြို့နယ် ပဆငမှ တာဝန်ယူဆောက်လုပ်နေသော ဟားခါး-ဂန့်ဂေါ လမ်းပိုင်း မိုင်တိုင်(၀/၀ မှ ၇၀/၄ ထိ) (၇၀)မိုင် (၄)ဖာလုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေ**





**ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ)အထိ**
**ဆောက်လုပ်ပြီးစီးသော ပေ(၁၈၀)နှင့်အထက် တံတားကြီးများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အရေအတွက် | တံတားအမည် |
|---|---|---|---|
| ၁ | ကချင် | ၂ စင်း | နန့်ခွင့်တံတား၊ ဧရာဝတီတံတား (စင်းခန်း) |
| ၂ | ကရင် | ၂ စင်း | လှိုင်းဘွဲ့တံတား၊ ဟောင်သရောတံတား၊ |
| ၃ | စစ်ကိုင်း | ၃ စင်း | ကျောက်အိုင်ချောင်းတံတား၊ တုံစီတံတား၊ ရတနာသိယံတံတား၊ |
| ၄ | ပဲခူး | ၇ စင်း | မြို့ချောင်းတံတား၊ နဂါးပေါက်ချောင်းတံတား၊ စစ်တောင်းတူးမြောင်း တံတား၊ ရဲနွယ်ချောင်း တံတား၊ စစ်တောင်းတံတား(နတ်သံကွင်း)၊ ဘူးရိုးချောင်းတံတား၊ ကျောက်ကြီးမြို့လယ်တံတား၊ |
| ၅ | မကွေး | ၁၁ စင်း | ကျားထူးတံတား၊ဧရာဝတီတံတား(ပခုက္ကူ)၊ရွှေချောင်းတံတားအမှတ်(၁)၊ ရွှေပန်းချောင်းတံတား၊ စွန်ချောင်းတံတား၊ ဆင်ဇာချောင်းတံတား၊ လွှာချောင်းတံတား၊ ဧရာဝတီမြစ်ကူးတံတား(မလွန်)၊ မိကျောင်းရဲ တံတား၊ ပင်းချောင်းတံတား၊ မင်းတုန်းချောင်းတံတား၊ |
| ၆ | မန္တလေး | ၁ စင်း | နန့်ပန်ချောင်းတံတား |
| ၇ | ရခိုင် | ၁ စင်း | အမ်းချောင်း(အောက်)တံတား၊ |
| ၈ | ရန်ကုန် | ၁ စင်း | ဆိပ်ကြီးခနောင်တိုတံတား၊ |
| ၉ | ရှမ်း | ၁ စင်း | တုံဟုံးတံတား၊ |
| ၁၀ | ဧရာဝတီ | ၁၀ စင်း | မြစ်ချောင်းတံတား၊ အောက်နတ်ချောင်းတံတား၊ ဧရာဝတီတံတား (ညောင်တုန်း)၊ ပေပင်မြစ်တံတား၊ ထော်ပိုင်တံတား၊ ရွှေစမ်းချောင်း တံတား၊ ရွှေရတုကျိုက်ပိတံတား(ကျူကူ)၊ ချောင်းပြကြီးချောင်းတံတား၊ ရေကျော်ကြီးချောင်းတံတား၊ သက္ကယ်ချောင်းတံတား၊ |
| ၁၁ | နေပြည်တော် ကောင်စီ | ၂ စင်း | စွန်ချောင်းတံတား၊ ငလိုက်ချောင်းတံတား |

ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝသာယာဝပြောရေးအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအားလုံးတွင် ဖြန့်ကြက်နိုင်သမျှ ဖြန့်ကြက်ပေးထားသည်။ ချိတ်ဆက်နိုင်သမျှ ချိတ်ဆက်ပေးထားသည်။ အနာဂတ်၌ စိန်ခေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်အပေါ်တွက်ဆပြီး ရေရှည်ရပ်တည်နိုင်ရေး စီမံဖန်တီးပေးထားသည်။

✻ စာမျက်နှာ ၉ မှ

တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးသွားလာဆက်သွယ်နိုင်ပြီး နိုင်ငံတစ်ဝန်းလုံး စီးပွားဖွံ့ဖြိုးတိုးတက်မှု မျှတစွာ ဖြစ်ထွန်းစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး လမ်းပန်းဆက်သွယ်မှု အသီးအပွင့်ကို အလျင်အမြန် ရရှိခံစားနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများကပါ တည်ဆောက်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (စက်တင်ဘာလ)အထိ ဆောက်လုပ်ပြီးစီးသော ပေ (၁၈၀)နှင့်အထက် တံတားကြီးများ (စင်းရေ)**

| စဉ် | ဝန်ကြီးဌာန | ၂၀၁၀-၁၁ဘဏ္ဍာနှစ် | ၂၀၁၄-၁၅ဘဏ္ဍာနှစ် | တိုးလာသည့်စင်းရေ |
|---|---|---|---|---|
| ၁။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄၆၁ | ၅၀၂ | ၄၁ |
| ၂။ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၂၂၇ | ၂၃၇ | ၁၀ |
| ၃။ | ကာကွယ်ရေးဝန်ကြီးဌာန | ၃၀ | ၆၇ | ၃၇ |
| | **စုစုပေါင်း** | **၇၁၈** | **၈၀၆** | **၈၈** |

**အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းပေါ်ရှိ ဘီလူးချောင်းတံတား(မိုးဗြဲ) တည်ဆောက်ပြီးစီးမှုအခြေအနေ**



**ပင်လောင်းမြို့နယ်အတွင်း တံတားအထူးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်သည့် အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းပေါ်ရှိ ဘီလူးချောင်းတံတား(တီဂျစ်) တည်ဆောက်နေမှုအခြေအနေ**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ပြည်လုံးအတိုင်းအတာဖြင့် တစ်ပြေးညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံး ဖြန့်ကြက်၍ လမ်း၊ တံတားများ တည်ဆောက်ပေးခဲ့သောကြောင့် နိုင်ငံအနှံ့ပုံရိပ်ပျံ့ခဲ့ပြီ။ ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ လုံခြုံချောမွေ့စေရေးကို ပြည်သူတစ်ရပ်လုံးက နိုင်ငံချစ်စိတ်ကို အရင်းခံကာ တာဝန်သိသိဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ ။

# ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၅**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ် စာဖြေဌာန ၂၃၈ ဌာနတို့၌ ဖြေဆိုကြသည်။

၂၀၁၅ ခုနှစ် ပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၅၉၂၂၇ ပါးအနက် ၄၅၁၃၁ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၂၀ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**သာသနာရေးဝန်ကြီးဌာန**
**၁၃၇၆ ခုနှစ်၊ ပထမပြန်စာမေးပွဲ နေ့ရက်အလိုက်ဖြေဆိုမှုအခြေအနေ**

**ရက်စွဲ၊ ၅-၄-၂၀၁၅**

ဖြေဆိုသည့်ဘာသာ၊ ပထမကြီးတန်း - ယမိုက်အထက်(၅)ကျမ်း
ပထမလတ်တန်း - ယမိုက်အောက်(၅)ကျမ်း
ပထမငယ်တန်း - ဇာတ်တော်ကြီး(ဘာသာပြန်)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီးတန်း | ၁၅၁၄၃ | ၁၁၄၉၁ | ၃၆၅၂ | ၇၅. ၈၈ |
| ၂။ | ပထမလတ်တန်း | ၁၄၆၂၀ | ၁၁၄၁၅ | ၃၂၀၅ | ၇၈. ၀၈ |
| ၃။ | ပထမငယ်တန်း | ၂၉၄၆၄ | ၂၂၂၂၅ | ၇၂၃၉ | ၇၅. ၄၃ |
| | **ပေါင်း** | **၅၉၂၂၇** | **၄၅၁၃၁** | **၁၄၁၉၆** | **၇၆. ၂၀** |

# မြန်အောင်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြန်အောင် မေ ၅**

မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုဖြစ်ပွားခြင်းမရှိစေရန်အတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မေ ၅ ရက်က မြန်အောင်မြို့ နေခြည်ဈေးရှေ့နံနက်ပိုင်း လူစည်ကားချိန်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် မြို့မရဲစခန်း ဒုစခန်းမှူး ရဲအုပ်ဝင်းမင်းထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဈေးရောင်းဈေးဝယ်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်းများကို ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့သည် ၁၃၇၆ ခုနှစ် မဟာသင်္ကြန်အကြိုကာလနှင့် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးရေး၊ ကာမစိတ်နှိုးဆွသော ဆေးဝါးများရောင်းချနိုင်သည့် ဆေးဆိုင်၊ လမ်းဘေးဈေးဆိုင်များတွင် ရောင်းချမှုမရှိစေရန်နှင့် တရားမဝင် အရက်ရောင်းချခြင်းများမရှိစေရန် ရပ်ကွက်/ ကျေးရွာများတွင် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**



# ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများနှင့် မူးယစ်ဆေးဝါးများရောင်းချမှု ရှိ-မရှိလိုက်လံစစ်ဆေး

**မူဆယ် မေ ၅**

ယခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း မှုခင်းများကင်းစင်ပြီး အများပြည်သူပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် မေ ၄ ရက်က မူဆယ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မူဆယ်မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများနှင့် တရားမဝင် မူးယစ်ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိကို လိုက်လံစစ်ဆေးခဲ့သည်။

တပ်ဖွဲ့အနေဖြင့် သင်္ကြန်ကာလအတွင်းသာမက သင်္ကြန်ပြီးဆုံးသောအချိန်များထိ နယ်မြေအေးချမ်းစေရန်အတွက် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ မူးယစ်ဆေးဝါးနှင့် ကာမစိတ်နိုးကြွစေသည့် တရားမဝင်ဆေးများ ရောင်းဝယ်သုံးစွဲခြင်းမပြုကြရန် အသိပညာပေး ဆွေးနွေးပွဲများလည်း ဆောင်ရွက်နေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ပြောသည်။

အဆိုပါအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များ၌ နယ်မြေအလိုက်ဆောင်ရွက်ခဲ့ကြပြီး ရောင်းဝယ်သုံးစွဲခြင်းများတွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဟု သိရသည်။

**ဆရာမောင်(မူဆယ်)**

# သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားရေး ပညာပေးဟောပြော

**နောင်ချို မေ ၅**

နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၏ စီစဉ်ကြီးကြပ်မှုနှင့် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားပြီး ထိခိုက်မှု၊ ရန်ဖြစ်မှုများ မရှိစေရေး၊ ကာမစိတ်ကြွဆေးများ သုံးစွဲမှုမရှိစေရေးနှင့် ယာဉ်တိုက်မှုများ မဖြစ်ပွားစေရေး ရည်ရွယ်ပြီး အသိပညာပေးဟောပြောပွဲကို မေ ၃ ရက် မွန်းလွဲ ၁ နာရီက နောင်ချိုမြို့ တောင်ရပ်ကွက် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၂၄) လားရှိုး၊ နောင်ချိုလှုပ်ရှားဆွယ်မှ ဒုရဲအုပ်နိုင်စိုးက မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးပြား ရောင်းချမှုမရှိစေရေး၊ သုံးစွဲမှုမရှိစေရေး၊ ကာမစိတ်ကြွဆေးများ သုံးစွဲမှုမရှိစေရေးနှင့် မူးယစ်ဆေးဝါးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို လည်းကောင်း၊ နောင်ချိုမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်က သင်္ကြန်ကာလအတွင်း မှုခင်းလုံးဝမဖြစ်ပွားစေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(စိုးဝင်း-နောင်ချို)**

# ကျည်ဆန်တွေအစား ပန်းများပွင့်စေတော့မည့် ငြိမ်းချမ်းရေးကြီးဆီသို့

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်ကို မတ် ၃၁ ရက်က လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်သည့်အပေါ် နိုင်ငံသားအချို့၏ သဘောထားအမြင်များကို တင်ပြလိုက်ပါသည်။**



ဦးကိုကိုထွေး။



ဦးဇော်ဇော်။



ဦးလှမောင်ရွှေ။



ရုပ်ရှင်သရုပ်ဆောင် ပြေတီဦး။



ရုပ်ရှင်သရုပ်ဆောင် လွင်မိုး။



တေးသံရှင် ဇော်ပိုင်။

**ဦးလှမောင်ရွှေ (ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ နည်းပညာအထောက်အကူပြုအဖွဲ့)**

ကျွန်တော်တို့ မျှော်လင့်တာကတော့ သိပ်မကြာခင်မှာ တိုင်းရင်းသားခေါင်းဆောင်တွေ နေပြည်တော်မှာ လက်မှတ်ရေးထိုးမယ့်ရက် မဝေးတော့ဘူးလို့ မျှော်လင့်ပါတယ်။ တိုင်းရင်းသား ခေါင်းဆောင်တွေကိုလည်း မေတ္တာရပ်ခံပါတယ်။ လက်မှတ်ရေးထိုးပွဲကြီး ကျင်းပပြီးတဲ့နေ့ကစပြီး ရက်ပေါင်း ၆၀ အတွင်းကနေ ရက်ပေါင်း ၉၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲကြီးစမယ်လို့ စာချုပ်ထဲမှာပါတယ်။ ဒါကြောင့်မို့ တစ်ရက်စောထိုးနိုင်လေ နိုင်ငံရေးဆွေးနွေးပွဲကို တစ်ရက် စောစနိုင်လေပါပဲ။ ဒါကို အမြန်ဆုံးရရှိနိုင်ဖို့ မျှော်လင့်ပါတယ်။

**ဦးကိုကိုထွေး (တော်ဝင်ဆောက်လုပ်ရေး)**

စီးပွားရေး လုပ်ငန်းရှင်တွေကတော့ တိုင်းပြည် အေးအေးချမ်းချမ်းနဲ့ ရှိနေရင် အကုန်လုံးအတွက်လည်း ကောင်းမွန်သလို စီးပွားရေးလုပ်ငန်းအတွက်လည်း ကောင်းမွန်ပါတယ်။ တိုင်းပြည်က အေးချမ်းမှ စီးပွားရေးလုပ်လို့ကောင်းမယ်။ စီးပွားရေးသမားတွေ အားလုံးကတော့ ငြိမ်းချမ်းရေးလိုချင်ကြတာပဲ။ အဲလိုပဲ ပြည်သူတွေအားလုံးကလည်း ငြိမ်းချမ်းရေးလိုချင်ကြတာပဲ။ စစ်ဘေးဒေသက သူတွေ၊ ပဋိပက္ခဒေသကလူတွေဟာ အင်မတန်ဒုက္ခရောက်တာ။ တို့ရန်ကုန်က လူတွေဟာ စိတ်ပူရုံပဲ ပူရတာ။ သူတို့က ကိုယ်တိုင်ဒုက္ခရောက်တာ။ တကယ်တော့ အားလုံးဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေနိုင်မယ်ဆိုရင် အဲဒီလူတွေရဲ့ ဒုက္ခကို ကယ်တင်နိုင်မယ်။ ငြိမ်းချမ်းတာကိုလည်း အားပေးပါတယ်။ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် လုပ်တဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဆူဆူပူပူဖြစ်အောင်၊ ဆူပူအောင်လှုံ့ဆော်နေတဲ့ သူတွေကိုတော့ ရှုတ်ချပါတယ်။

**ဦးဇော်ဇော် (Max-Myanmar Holding Limited)**

ကျွန်တော်တို့နိုင်ငံက အများကြီး နောက်ကျကျန်ခဲ့ပါပြီ။ ဒီအချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ အားလုံး ချစ်ချစ်ခင်ခင်နဲ့ အတူနေပြီးတော့ နိုင်ငံကို ပြန်ထူထောင်ရမယ့်အချိန်ပါ။ ဒါပေမယ့် ဒီလိုထူထောင်တဲ့အချိန်မှာလည်း အချိန်တစ်ခုယူပြီးတော့ ဆွေးနွေးရတဲ့အပိုင်းတွေ၊ အခက်အခဲတွေအများကြီးရှိပါတယ်။ ဒါတွေကို ဦးစီးဦးဆောင်လုပ်ပြီးတော့ အဖြေတစ်ခုထွက်အောင် လုပ်ပေးခဲ့တဲ့သူတွေအားလုံးကို ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ဒါတွေတင်မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး ရပြီးလို့ နိုင်ငံကိုပြန်ထူထောင်တဲ့ အချိန်မှာလည်း အရည်အချင်းရှိတဲ့ လူတွေအားလုံးဝိုင်းဝန်းထူထောင်ရင်းနဲ့ ကျွန်တော်တို့နိုင်ငံက သူများနိုင်ငံနည်းတူ တိုးတက်တဲ့နိုင်ငံတစ်ခု ဖြစ်လာမှာပါ။ အရေးကြီးတဲ့ အဓိကကျတဲ့ ဒီငြိမ်းချမ်းရေးဆိုတာကြီးကို ဒီအခြေအနေလောက်ထိ ခြေလှမ်းစလာနိုင်တာ အားလုံးရဲ့ကြိုးစားမှုကြောင့်ပါ။ ဒါထက်လည်းပိုပြီးတော့ အောင်မြင်အောင် ဆက်ကြိုးစားဖို့လိုပါတယ်။

**တေးသံရှင် ဇော်ပိုင်**

ကျွန်တော်တို့ တိုင်းပြည်အတွက် အလားအလာကောင်းတဲ့ လက္ခဏာတွေ အများကြီးဖြစ်ပေါ်လာပြီလို့ ယုံကြည်ပါတယ်။ အဲဒါကြောင့်လည်း တစ်နိုင်ငံလုံးကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် ပြေတီဦး**

အခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ အောင်မြင်တော့မယ့် အနေအထားတွေ မြင်နေရပြီ ကြားနေရပြီပေါ့နော်။ ဘာပဲဖြစ်ဖြစ် ရာခိုင်နှုန်းတော်တော်များများဟာ အောင်ကိုအောင်မြင်မယ်လို့ ယူဆလို့ရကြပြီဆိုတဲ့အခါမှာ အလွန်ကို ဝမ်းသာတယ်။ အလွန်ကို ပီတိဖြစ်တယ်။ ကျွန်တော်တို့တွေ အလိုချင်ဆုံးကလည်း ငြိမ်းချမ်းရေးပါပဲ။ တိုင်းပြည်တစ်ပြည်ဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တိုးတိုးတက်တက်နဲ့ တကယ့်ကို ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးမှာ နေထိုင်ရတဲ့ နိုင်ငံသားတစ်ယောက် အလွန်ကို ဖြစ်ချင်ပါတယ်။ အဲဒီအတွက်ကို ငြိမ်းချမ်းရေး မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်မို့ အားလုံးဟာ တစ်ယောက်အပေါ်မှာ တစ်ယောက် နားလည်မှုနဲ့ ရိုးရိုးသားသားနဲ့ ပေးထားတဲ့ကတိတွေ အားလုံးကို ဒီထဲမှာပါတဲ့သူတွေ အားလုံးဟာ လေးစားလိုက်နာကြပြီးတော့ တကယ့်ငြိမ်းချမ်းရေးအစစ်ကို တည်ဆောက်နိုင်ပါစေလို့ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုပါတယ်။ အလွန်ကို လိုချင်တာပါခင်ဗျာ ငြိမ်းချမ်းရေးကို။ ကျေးဇူးတင်ပါတယ်။

**ရုပ်ရှင်သရုပ်ဆောင် လွင်မိုး**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းကို သဘောတူလိုက်ပြီဆိုတာ ကြားရတဲ့အတွက် တကယ်လည်း ဝမ်းသာမိပါတယ်။ တကယ်လည်း ပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ် မြန်မာနိုင်ငံဟာ ဒီထက်ပိုပြီး တိုးတက်ဖို့လိုသလို ဒီထက်ပိုပြီး ငြိမ်းချမ်းဖို့လည်း လိုအပ်ပါတယ်။ ဒါတွေဟာ အခုအခြေခံ အုတ်မြစ်တစ်ခုအနေနဲ့ လာမယ့်နှစ်တွေမှာ အစစအရာရာ အဆင်ပြေ ချောမွေ့ပါစေလို့ပဲ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

**ဆုနှင်းလှဲ့၊ ခင်ဇာလီ**



## ငြိမ်းချမ်းရေးကိုလိုလားသူများ စုပေါင်းကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းသဘောတူလက်မှတ်ရေးထိုးနိုင်မှုအား ထောက်ခံဆန္ဒဖော်ထုတ်

**သထုံ ဧပြီ ၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုအား ကြိုဆိုထောက်ခံပြီး ဧပြီလကုန်ပိုင်းတွင် အပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် မွန်ပြည်နယ် သထုံမြို့နယ်တွင် ငြိမ်းချမ်းရေးလိုလားသူ ဒေသခံတိုင်းရင်းသားပြည်သူများစုပေါင်းကာ ဧပြီ ၅ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

"ဦးလေးတို့က ငြိမ်းချမ်းရေးကို လိုချင်လွန်းအားကြီးလို့ ခုလိုဆန္ဒဖော်ထုတ်တာပါ။ ဦးလေးမွေးတဲ့ အချိန်ကစ အခုထက်ထိပေါ့ နိုင်ငံက မငြိမ်းချမ်းခဲ့ဘူး။ တိုင်းရင်းသားအချင်းချင်း အကြောင်းအမျိုးမျိုးကြောင့် တိုက်ကြခိုက်ကြနဲ့။ နောက်ပြီး ဦးလေးက နယ်စပ်မှာနေခဲ့တာဖြစ်တဲ့အတွက် ပိုခံစားရတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတနဲ့ တာဝန်ရှိသူတွေ ကြိုးပမ်းနေကြတဲ့ စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို လိုလားတယ်။ ထောက်ခံတယ်။ ခပ်မြန်မြန်လေး ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ဆန္ဒဖော်ထုတ်ရာတွင်ပါဝင်သည့် ကရင်တိုင်းရင်းသားများအား ဦးဆောင်သူ မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောစံတင်က ပြောသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် ဒေသခံပြည်သူများနှင့် သထုံမြို့နယ်အတွင်းရှိ ကရင်၊ ပအိုဝ်း၊ မွန်တိုင်းရင်းသားများ စုစုပေါင်းအင်အား ၁၁၅၀ ကျော်တို့က ခရိုင်အားကစားကွင်းမှ စတင်ထွက်ခွာကာ **ရဟန်းရှင်လူပြည်သူအားလုံး အပစ်အခတ်ရပ်၍ ငြိမ်းချမ်းရေးကိုလိုလားသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ပေးပါ** စသည့် ဆိုင်းဘုတ်များကိုကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် မြသပိတ်ဘုရားလမ်းမှတစ်ဆင့် ရန်ကုန်-မော်လမြိုင်လမ်းအတိုင်း ယင်းမှ ရွှေစာရံဘုရားလမ်းအတိုင်း ခရိုင်အားကစားကွင်းသို့ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပအိုဝ်းတိုင်းရင်းသားများကို ဦးဆောင်သူ မြို့နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးခွန်ကျော်သိန်းက "ဒီကနေ့ ပအိုဝ်းတိုင်းရင်းသားတွေ ကိုယ်စားပြုပြီး ပါဝင်ရတဲ့သဘောကတော့ ကျွန်တော်တို့အားလုံး ငြိမ်းချမ်းရေးကိုလိုချင်ပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် အားလုံးကကြိုးပမ်းပြီး လက်မှတ်ရေးထိုးကြတာကို ထောက်ခံပြီး လာမယ့်ဧပြီလကုန်လောက်မှာ အပြီးသတ်လက်မှတ်ရေးထိုးနိုင်ဖို့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တာပါ" ဟု ၎င်း၏ဆန္ဒကို ပြောသည်။

ယခုကဲ့သို့ ငြိမ်းချမ်းရေးကို လိုလားသူများ စုပေါင်းကာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းအားထောက်ခံသည့် ဆန္ဒဖော်ထုတ်ခြင်းကို မွန်ပြည်နယ်အတွင်း ဧပြီ ၅ ရက်တွင် သထုံမြို့၊ ကျိုက်မရောမြို့နှင့် မုဒုံမြို့တို့တွင်တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**



## မုဒုံမြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုကို ထောက်ခံသည့်ဆန္ဒဖော်ထုတ်မှုပြုလုပ်

**မုဒုံ ဧပြီ ၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှုကို ထောက်ခံသောအားဖြင့် ဧပြီ ၅ ရက် နံနက် ၇ နာရီခွဲတွင် မုဒုံမြို့၌ အင်အား ၁၀၀၀ သည် ခွင့်ပြုချက်ရယူ၍ ဆန္ဒဖော်ထုတ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆန္ဒဖော်ထုတ်ခြင်းကို မုဒုံမြို့ မြို့မ(၂)ရပ်ကွက်ရှိ သာသနာ့ဗိမာန်ရှေ့တွင် စုရပ်ပြုလုပ်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းကို အပြည့်အဝထောက်ခံသည်။ ထာဝရငြိမ်းချမ်းရေး အမြန်ရအောင်ဆောင်ရွက်ပေး၊ ရဟန်းရှင်လူပြည်သူအားလုံး အပစ်အခတ်ရပ်၍ ငြိမ်းချမ်းမှုကို လိုလားသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အပြီးသတ်စာချုပ် အမြန်ချုပ်ဆိုပေးစသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး"၊ "အပြီးသတ်စာချုပ် အမြန်ချုပ်ဆိုပေးရေး"၊ "ထာဝရငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်ပေးရေး"စသည့် ကြွေးကြော်သံများဖြင့် မော်-သံလမ်းအတိုင်း မြို့မ(၄)ရပ်ကွက် ချမ်းမြကန်သာလမ်းထိပ်မှ ရွှေဟင်္သာဈေးရှေ့၊ ၎င်းမှ ကျွန်းရွာလမ်းနှင့်ဝိဇယလမ်းဆုံအထိ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြပြီး နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

## ✱ သီလဝါမှ

ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖြစ်လာမှသာလျှင် ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိလာနိုင်မည် ဖြစ်သည်။ ယုံကြည်မှုကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ ပိုမိုများပြားစွာ ဝင်ရောက်စေခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေမည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်ဖြစ်သည့် အားလျော်စွာပေါ်များလာသည့် အလုပ်အကိုင်အခွင့်အလမ်းများသည် သာမန်အလုပ်အကိုင်အခွင့်အလမ်းမျှသာမကဘဲ အရည်အသွေးရှိမည့် အာမခံချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်လာမည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သည် အဆောက်အအုံတည်ဆောက်နေဆဲ အဆင့်၌ပင် မြန်မာအလုပ်သမား ၂၀၀၀ ခန့်ကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်ပြီဖြစ်သည်။ လက်ရှိသီလဝါ အထူးစီးပွားရေးစက်မှုဇုန်သို့ လုပ်ငန်းခွင်ဝင်လျက်ရှိသည့် ပြည်တွင်းပြည်ပဝန်ထမ်းနှင့်အလုပ်သမားတို့ မျှော်လင့်



Mr. Yanai Takashi



ဦးကျော်မြင့်ထွန်း။



KAYO USHIO (မရုတနာ)။



မောင်အောင်သူလတ်။



ဒေါ်ကေခိုင်သင်း။



ကိုအောင်သူ။



ဒေါ်သွယ်သွယ်မြင့်အောင်။

ချက်နှင့် လုပ်ငန်းခွင် အခြေအနေများအပေါ် မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်မေးမြန်းဖြစ်ခဲ့သည်။

**Mr. Yanai Takashi**
**(President & CEO)**
**(Myanmar Japan Thilawa Development Ltd.)**

သီလဝါ အထူးစီးပွားရေးဇုန်အကြောင်းကို ပြောရမယ်ဆိုရင် နှစ်ပိုင်းရှိပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတည်ဆောက်တာနဲ့ ပတ်သက်ရင် ၈၃ ရာခိုင်နှုန်းက တည်ဆောက်ပြီးစီးနေပြီ။ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ရဲ့ ပထမဆင့်ကို ဒီနှစ်မေလကုန်လောက်မှာပြီးမယ် ခန့်မှန်းထားတယ်။ ပထမအဆင့် အပြီးသတ်နိုင်ဖို့ နှစ်လလောက်ပဲ ကျန်တော့တာပါ။ နောက်တစ်ခုကတော့ စက်ရုံတည်ဆောက်ရေး လုပ်ငန်းတွေပါ။ ကျွန်တော်တို့ ကုမ္ပဏီပေါင်း ၄၀ လောက်နဲ့ စာချုပ်ချုပ်ထားပြီ။ ဒီအထဲက ကုမ္ပဏီရှစ်ခုက စက်ရုံတည်ဆောက်ရေး လုပ်ငန်းတွေ စတင်နေပြီ။ နောက်ထပ် တစ်လ၊ နှစ်လလောက်အကြာမှာ ကုမ္ပဏီသုံးခုလောက်က တည်ဆောက်ရေးလုပ်ငန်းတွေ စလုပ်ပါမယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတည်ဆောက်တာ၊ စက်ရုံတည်ဆောက်တာနဲ့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်တာတွေက အောင်မြင်နေပါတယ်။

**ဦးကျော်မြင့်ထွန်း**
**B.E (Electrical)**
**ရခိုင်ပြည်နယ် စစ်တွေ**

ကျွန်တော်က Electrical အင်ဂျင်နီယာပါ။ ကျွန်တော်က အခြေခံအဆောက်အအုံတွေအတွက် လျှပ်စစ်နဲ့ဆိုင်တဲ့အပိုင်းတွေကို တာဝန်ယူပြီး လုပ်ဆောင်ရပါတယ်။ ကျွန်တော် စစ်တွေ နည်းပညာတက္ကသိုလ်ကနေ ကျောင်းပြီးပြီးချင်းတော့ Electrical ဆားကစ်ဘရိတ်ကာတွေ ထုတ်လုပ်တဲ့ စက်ရုံတွေမှာလုပ်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်ရခဲ့တဲ့ ပညာတွေကို ဒီမှာလာပြီး အသုံးချတာပါ။ ကျွန်တော်ဒီနေရာမှာ လုပ်နေခြင်းဖြင့် နိုင်ငံတကာပညာရှင်တွေနဲ့ထိတွေ့ခွင့်ရမယ်။ နိုင်ငံတကာက နည်းပညာတွေရမယ်။ အဲဒီတော့ ကျွန်တော်တို့ကလည်း ကိုယ့်နိုင်ငံအတွက် စွမ်းအားရှိသလောက် လုပ်ကိုင်သွားမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီမှာလုပ်ကိုင်ရတာက ကျွန်တော့်အတွက် အခြားမှာလုပ်ကိုင်နေတာထက်စာရင် ပိုပြီးတော့ စိတ်လှုပ်ရှားဖို့ကောင်းတယ်။ ကျွန်တော့်အတွက်လည်း အခွင့်အလမ်းတွေအများကြီးရမယ်လို့ ယူဆမိလို့ သီလဝါအထူးစီးပွားရေးစက်မှုဇုန်မှာ လာလုပ်တာပါ။ ကျွန်တော်ဒီမှာ လုပ်ကိုင်ရတဲ့အတွက် နိုင်ငံတကာစံနှုန်းစံထားတွေပိုပြီး သိလာရပါတယ်။ ဒီမှာကနိုင်ငံအစုံက လာလုပ်တာဆိုတော့ သူများတွေရဲ့ နည်းပညာတွေပါလာတယ်။ ပိုမိုတိကျပြီး ကောင်းမွန်တဲ့ နည်းစနစ်တွေတွေ့လာရပါတယ်။

**KAYO USHIO (မရုတနာ)**
Manager(Myanmar Japan Thilawa Development Ltd.)

ကျွန်မက မြန်မာ-ဂျပန်သီလဝါကုမ္ပဏီ MJTD မှာ အရောင်းတာဝန်ယူထားပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်က မြန်မာအစိုးရနဲ့ ဂျပန်အစိုးရတို့ ပူးပေါင်းလုပ်နေတဲ့စီမံကိန်းတစ်ခုပါ။ ဒီစီမံကိန်းမှာ တာဝန်ယူလုပ်ကိုင်ရတဲ့အတွက် ဝမ်းသာတယ်။ မြန်မာလူမျိုးတွေနဲ့ အတူတူပေါင်းပြီး အလုပ်လုပ်ရတာလည်း အဆင်ပြေပါတယ်။ ကျွန်မ ဂျပန်တိုကျိုတက္ကသိုလ်မှာ မြန်မာစကားကို သင်ယူခဲ့ရပါတယ်။ အဲဒီအတွေ့အကြုံရှိလို့လည်း မြန်မာပြည်မှာ အလုပ်လာလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

**မောင်အောင်သူလတ်**
**(စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ဒေသခံ)မီးစက်မောင်း(Myanmar Japan Thilawa Development Ltd.)**

သီလဝါစီမံကိန်းလုပ်မယ့်နေရာမှာ ကျွန်တော်ငယ်ငယ်က ခနိမိုးကြမ်းခင်းထရံကာအိမ်နဲ့ နေခဲ့တာ ကျွန်တော့် တစ်သက် (၁၉) နှစ်ရှိပါပြီ။ အရင်ကတော့ လက်သမားလုပ်တယ်။ ဒီမှာ အလုပ်ဝင်ဖြစ်တာက ဆရာမဒေါ်သန်းသန်းသွယ်နဲ့ ဆရာမ မခိုင် [စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ပုဂ္ဂိုလ်များ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပါဝင်သည့် စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများ၏ လက်ရှိအခြေအနေနှင့် မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်(IRP)]က ချိတ်ဆက်ပေးလို့ ဒီအလုပ်ထဲကို ရောက်လာတာပါ။ ၂၀၁၄ ဒီဇင်ဘာမှာ အလုပ်စဝင်တယ်။ လစာအပြင်ကို သွားလာစရိတ်အဖြစ် ဆိုင်ကယ်ဆီဖိုးပေးတယ်။ အခုတော့ မြိုင်သာယာ (၃)တိုးချဲ့ကွက်သစ်မှာ နေပါတယ်။ အဖေကတော့ အရင်အလုပ်ပွဲစားလုပ်တယ်။ ကျွန်တော်ကတော့ ဒီမှာ ဆက်လုပ်နေတယ်။ ကျွန်တော်တို့အရင်သီလဝါမှာအတူနေခဲ့သူတွေထဲက အယောက် ၂၀၊ ၃၀ နီးပါး ဒီမှာ ပြန်ပြီးအလုပ်လုပ်ကြပါတယ်။

**ဒေါ်ကေခိုင်သင်း(အင်ဂျင်နီယာ)**
**Penta-Ocean Construction Co.,Ltd.**

ကျွန်မက အဆောက်အအုံပိုင်းနဲ့ ပတ်သက်ပြီး တာဝန်ယူထားတာပါ။ ဒီမှာ ၂၀၁၄ နိုဝင်ဘာကတည်းက အလုပ်စဝင်နေတာ ခြောက်လနီးပါး ရှိပြီ။ အရင်က စက်ရုံဆောက်တဲ့ လုပ်ငန်းအတွေ့အကြုံ မရှိဘူး။ ဒါကြောင့် အတွေ့အကြုံရအောင်လို့ ဒီအလုပ်ကို ရွေးချယ်ဖြစ်ခဲ့တာပါ။ RC နဲ့ပတ်သက်တာ၊Steel Structure နဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေအပြင် ရုံးပိုင်းဆိုင်ရာ ပညာရပ်တွေကိုလည်း အတွေ့အကြုံရတယ်။ ဂျပန်၊ ဗီယက်နမ်အင်ဂျင်နီယာတွေနဲ့ ဒီမှာ တွဲပြီး လုပ်ရတယ်။ တချို့အလေ့အထတွေက ကွဲပြားတယ်။ ကိုယ့်မှာရှိတဲ့ ပညာတွေဖလှယ်နိုင်တယ်။ စက်ရုံနဲ့ ပတ်သက်တာကတော့ ဒါက ပထမဦးဆုံး အတွေ့အကြုံပဲလေ။ အရင်က ကိုယ်လုပ်ရတဲ့လုပ်ငန်းနဲ့ အခုလုပ်ရတဲ့လုပ်ငန်း မတူဘူးလေ။ အသစ်အဆန်းတွေကိုလည်း တွေ့ရပါတယ်။ တစ်နေ့ကို အလုပ်သမားပျမ်းမျှ တစ်ရာလောက် အသုံးပြုရပါတယ်။

**ကိုအောင်သူ(လက်သမား)**
**မင်းကလွန်းကျေးရွာ၊ ကျောက်တန်းမြို့နယ်**

ဒီမှာ အလုပ်လုပ်တာ နှစ်လကျော်ရှိပါပြီ။ လက်သမားလုပ်တယ်။ အလုပ်သမားခေါင်းဆောင်လည်းလုပ်တယ်။ အရင်ကတော့ ရွာမှာ အိမ်လိုက်ဆောက်တယ်။ ဒီလို စီမံကိန်းအကြီးကြီးတွေကို အရင်တုန်းက မဆောက်ခဲ့ဖူးဘူး။ ကျွန်တော်တို့ အရင်ကတော့ မြန်မာနည်းနဲ့ ပေတွေ၊ လက်မတွေနဲ့ တိုင်းတယ်။ အခုတော့ စင်တီမီတာနဲ့ တွက်ရတယ်။ မနက်အလုပ်စရောက်တာနဲ့ ကျွန်တော်တို့အားလုံး လေ့ကျင့်ခန်းလုပ်ရတယ်။ နေ့စဉ်ပေါ့။ ကောင်းနိုးရာရာ အလုပ်ရှာရင်း ဒီအလုပ်ထဲရောက်လာတာပါ။ လုပ်ခကတော့ အပြင်မှာ လုပ်သလောက်ပဲ။ ဒါပေမယ့် ဒီမှာက အချိန်ပိုဆင်းရတဲ့အခါတွေ ရှိတယ်။ အဲလိုဆိုတော့ နေ့လုပ်ခ၊ ညလုပ်ခ နှစ်ဆိုင်းပါပေါင်းရင် တစ်ရက်လုပ်ခက နှစ်ရက်စာလောက် ရသလိုပဲပေ့ါ။ တစ်လကို အချိန်ပို ဆင်းခွင့်က ရက် ၂၀ လောက်ရှိတယ်လေ။ အဖွဲ့တစ်ဖွဲ့ကို လူသုံးဆယ်၊ လေးဆယ်ပါတယ်။ တစ်ဝက်က ညဆိုင်းဆင်းရတယ်။ တစ်ရက်ခြား တစ်ခါပေ့ါ။

**ဒေါ်သွယ်သွယ်မြင့်အောင်**
**(လက်ထောက်မန်နေဂျာ)**
**(Myanmar Japan Thilawa Development Ltd.)**

ကျွန်မ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ကပါ။ ယောမြို့လို့လည်း ခေါ်ပါတယ်။ ကျွန်မ အင်္ဂလိပ်စာနဲ့ ဘွဲ့ရပြီး စီမံခန့်ခွဲမှုဘွဲ့လွန်ကို (UK) ကနေ ရရှိထားပါတယ်။ အရင်က လုပ်ငန်းအတွေ့အကြုံရှိတယ်။ သီလဝါ အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံရဲ့ ပထမဆုံး စီးပွားရေးဇုန်လည်းဖြစ်တယ်။ နိုင်ငံတကာနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းအတွေ့အကြုံလိုချင်တယ်။ အဓိကကတော့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတဲ့နေရာမှာ တစ်နေရာကနေ ပါဝင်လို့ရအောင်လို့ပါ။ အခု နိုင်ငံတကာနဲ့ ယှဉ်လုပ်တဲ့နေရာမှာ လုပ်ပုံကိုင်ပုံလေးတွေ သင်ယူရတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေရတယ်။ နိုင်ငံတကာက ဧည့်သည်တွေနဲ့တွေ့ရတယ်။ ဒီအတွေ့အကြုံတွေကနေ ပြန်ပြီး ကိုယ့်ဘဝတက်လမ်းအတွက် အသုံးချနိုင်မှာပါ။

**ဒေါ်နန်းခမ်းခေါင်ယိင်းလင်း**
**လက်ထောက်မန်နေဂျာ**
**(Myanmar Japan Thilawa Development Ltd.)**

ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့ကပါ။ ၂၀၁၄ ဇန်နဝါရီကစပြီး အလုပ်စဝင်တာပါ။ ပထမဆုံး တရုတ်နိုင်ငံက ကုမ္ပဏီတစ်ခုမှာ လေးနှစ်လောက်လုပ်ပါတယ်။ နောက်မီဒီယာကုမ္ပဏီတစ်ခုမှာ နှစ်နှစ်လုပ်ပါတယ်။ နောက်ဆုံးပြင်သစ်ကုမ္ပဏီမှာ လုပ်ပြီး ဒီကုမ္ပဏီမှာ လုပ်ကိုင်တာပါ။ မြန်မာပြည်ရဲ့ ပထမဆုံး အထူးစီးပွားရေးဇုန်လည်း ဖြစ်တယ်။ ကုမ္ပဏီကလည်း DEVELOPER ကုမ္ပဏီလည်း ဖြစ်တယ်။ နိုင်ငံခြားနဲ့ တွဲဖက်လုပ်ကိုင်ရတဲ့ အခါမှာ စီမံခန့်ခွဲပုံနဲ့ လုပ်ပုံကိုင်ပုံတွေကို သူတို့ဆီကနေ ရရှိပါတယ်။ ကျွန်မတို့အတွက်တော့ ပထမဆုံး အတွေ့အကြုံဖြစ်ပါတယ်။

(ကျေးဇူးတင်ပါတယ်။)

၂၀၁၅ ခုနှစ်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ အလုပ်သမား ၅၀၀၀ ခန့်စတင်၍ အလုပ်အကိုင် ရရှိမည်ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် အလုပ်သမား ၁၅၀၀၀ ခန့် အလုပ်အကိုင်ရရှိမည်ဖြစ်သည်။ Zone(A)တစ်ခုလုံးပြီးသွားရင် အလုပ်အကိုင်အခွင့်အလမ်းငါးသောင်းကျော် ခန့်ထားပေးနိုင်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်မှသိရသည်။ ။

## ❖ လားရှိုးမှ

လိုလားချက်၊ ဆန္ဒနဲ့မျှော်လင့်ချက်ဖြစ်ပါတယ်။ မျှော်လင့်ချက်တွေနဲ့ စောင့်စားနေကြတဲ့ ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိနိုင်အောင် ဆောင်ကြဉ်း ပေးခဲ့သူများဟာ မိမိတို့အားလုံးပင်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောကြားချက်ကို အလေးထားပြီး ဆန္ဒထုတ်ဖော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ယနေ့မြန်မာပြည်သူတို့ အလိုလား အတောင့် တဆုံးသော အရာနဲ့ အလိုချင်ဆုံးသောဆန္ဒပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဟာ ပြည်သူတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်ပဲဖြစ်ပါတယ်။ ယနေ့တော့ ကျွန်တော်တို့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ရောင်ခြည်၊ အလင်းတန်းတို့ လင်းလက်တောက်ပပြီး အလင်းရောက်တဲ့အခါ အမှောင်ထုလည်း တဖြည်းဖြည်းပျောက်ကွယ်သွားရသလိုမျိုး ကြုံတွေ့ခံစားကြရတော့မှာဖြစ်ပါတယ်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့တို့ရဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူမူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းရေးဆွဲပြီး အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်လို့ ငြိမ်းချမ်းရေးပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းနိုင်မယ့် တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်တယ်လို့ ဆိုနိုင်ပါပြီ။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းရရှိရေးအတွက် ဆွေးနွေးပွဲများကိုလည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှစတင်ကာ ပြည်တွင်း/ပြည်ပအလွတ်သဘော (၂၂)ကြိမ်၊ တရားဝင်(၇)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဒီလို တစ်နှစ်ကျော်ကြာအောင် ဆွေးနွေးခဲ့ကြတဲ့ ဆွေးနွေးပွဲတွေမှာ တစ်ဖက်နဲ့တစ်ဖက် ပွင့်လင်းရိုးသားမှု၊ နားလည်စာနာမှု၊ အပြန်အလှန်လေးစားမှု၊ သည်းခံလိုက်လျောမှုတို့ဖြင့် သဘောထားကြီးစွာစေ့စပ်ညှိနှိုင်းခဲ့ကြရခြင်းဖြစ်ပါတယ်။

ဒါကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီး အောင်မြင်စွာအတည်ပြုလက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးကို ဂုဏ်ပြုပါတယ်ဟု တက်ရောက်လာကြတဲ့ လားရှိုးမြို့ ပြည်သူများကိုယ်စား ဆန္ဒဖော်ထုတ် တင်ပြအပ်ပါတယ်။

စင်စစ်အားဖြင့် နိုင်ငံရေးကို အခြားနည်းလမ်းများဖြင့် အဖြေရှာရာမှ ဖြစ်ပေါ်လာခဲ့ရတဲ့ စစ်ပွဲများဟာ မိမိတို့နိုင်ငံမှာ ရာစုနှစ်ထက်ဝက်မက ကြာမြင့်ခဲ့ပါပြီ။ အဲဒီစစ်ပွဲများရဲ့ မြေစာပင်များကတော့ စစ်မက်ဖြစ်ပွားရာဒေသများက အပြစ်မဲ့ပြည်သူများဖြစ်ပြီး စစ်မြေပြင်မှာ လက်နက်ဆွဲကိုင်တိုက်ခိုက်ကြသူများဟာ နိုင်ငံရဲ့အနာဂတ် တည်ဆောက်ရေးအင်အားဖြစ်လာမယ့် လူငယ်များဖြစ်ပါတယ်။(တက်ဘလက်)ကိုင်ပြီး ပညာသင်လိုတဲ့ တောတွင်းလက်နက်ကိုင် လူငယ်တစ်ဦးရဲ့ ဆန္ဒကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြင်နာမှုနဲ့ တစ်ခါထောက်ပြခဲ့ဖူးပါတယ်။ ဒီအတွက်ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးရဲ့ ပြည်သူများရဲ့ ရင်သွေးငယ်များအပေါ် ထားရှိတဲ့မေတ္တာ၊ စေတနာ၊ မုဒိတာ၊ အကြင်နာတရားကြီးမားမှုကို ရင်မှာစွဲစွဲမြဲမြဲမှတ်ယူထားကာ ယခုဆန္ဒထုတ်ဖော်ပွဲမှာ တင်ပြအပ်ပါတယ်။ အခုတော့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်အလင်းတန်းတို့ တောက်ပလာခဲ့ပြီး နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းနဲ့ စားပွဲဝိုင်းမှာ ဆွေးနွေးအဖြေရှာဖို့ တံခါးဖွင့်ခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နေရာအသီးသီးက ပါဝင်ခွင့်ရရှိနေသူများဟာ အနာဂတ် မြန်မာ့သမိုင်းကို လှပစွာကမ္ပည်းရေးထိုးပေးသူများအဖြစ် မှတ်တမ်းကျန်ရှိမယ့် သူများဖြစ်ပါတယ်။ အောက်ခြေအထောက်အကူပြုဝန်ထမ်းများမှစပြီး အဆုံးအဖြတ်ပေးတဲ့ ခေါင်းဆောင်အားလုံးအထိ မြန်မာ့ငြိမ်းချမ်းရေး သူရဲကောင်းများဖြစ်တယ်လို့ ဆိုချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသော မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်မှ ပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင် အင်အား နှစ်သောင်းကျော်တို့က “တစ်နိုင်ငံလုံးငြိမ်းချမ်းရေး၊ တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားများနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နိုင်ရေး၊ တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း ဆက်လက်အတည်ပြု အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်သမ္မတကြီး၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုလက်မှတ်ရေးထိုးခြင်းအား ထောက်ခံကြောင်း ကြွေးကြော်သံများဖြင့် ပြုလုပ်ခဲ့ကြောင်းသိရသည်။

**ဇာဏီအောင်(လားရှိုး)**

# လီဗာပူးထက် အာဆင်နယ်ကိုရွေးချယ်ခဲ့သော ဆန်းချက်ဇ်၏ ဆုံးဖြတ်ချက်အပေါ် ဝင်းဂါးကျေနပ်



အလက်ဆစ်ဆန်းချက်ဇ်သည် ပြီးခဲ့သည့်နွေရာသီက ဘာစီလိုနာမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ရာ အာဆင်နယ်၊ လီဗာပူးစသည့်အသင်းများက ၎င်းအား အလိုရှိခဲ့သော်လည်း ဆန်းချက်ဇ်က အာဆင်နယ်ကိုသာ ရွေးချယ်ခဲ့သည်။ လီဗာပူးကလည်း ဆွာရက်ဇ်နေရာအစားထိုးနိုင်ရန်အတွက် ဆန်းချက်ဇ်ကိုအလိုရှိခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အာဆင်နယ်ကိုသာရွေးချယ်ခဲ့သည်။

အဆိုပါ ချီလီကြယ်ပွင့်က အင်္ဂလိပ်ဘောလုံးလောကနှင့် အလွယ်တကူပင် အသားကျခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အတွက် ၁၉ ဂိုးအထိ သွင်းယူပေးခဲ့သည်။ အာဆင်နယ်သည် လီဗာပူးနှင့် ယခုတစ်ပတ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ဝင်းဂါးက ဆန်းချက်ဇ်ကို လီဗာပူးကအသည်းအသန်အလိုရှိခဲ့သော်လည်း ဘာကြောင့် အာဆင်နယ်ကိုသာရွေးချယ်ခဲ့သလဲဆိုသည်ကို ၎င်းအနေဖြင့် တိတိကျကျမသိရှိကြောင်း ဆိုသည်။

သို့သော် အဆိုပါဆုံးဖြတ်ချက်သည် အာဆင်နယ်အား ကံကောင်းစေခဲ့ပြီး ဆန်းချက်ဇ်၏ရွေးချယ်မှုအပေါ် ၎င်းအနေဖြင့် ကျေနပ်မိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဝင်းဂါးက “ဆန်းချက်ဇ်ဘာကြောင့် အာဆင်နယ်ကိုရွေးခဲ့တယ်ဆိုတာ သူ ပဲတိတိကျကျ ရှင်းပြနိုင်ပါလိမ့်မယ်။ ဘာကြောင့် သူဒီလိုလုပ်ခဲ့တယ်ဆိုတာ ကျွန်တော်မသိပါဘူး။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ဆုံးဖြတ်ချက်က ကျွန်တော့်အတွက် စိတ်ချမ်းမြေ့စရာဖြစ်ခဲ့ပါတယ်။ သူ့ကို လီဗာပူးက အလိုရှိခဲ့တယ်ဆိုပေမယ့် ဒါက သူတို့ဘက်က အကြောင်းသက်သက်ပါပဲ။ သူ့လို အရည်အသွေးမြင့်၊ လုပ်အားနှုန်းကောင်းပြီး တိုက်ပွဲဝင်စိတ်ရှိသူကို အသင်းတော်တော်များများက လိုချင်မှာပါ။ ပြီးတော့ သူကပွဲအဖြေကို ပြောင်းလဲစေနိုင်တဲ့ ကစားသမားပါ” ဟု ဆိုသည်။

ဝင်းဂါးအနေဖြင့် လီဗာပူးနှင့်ပွဲမတိုင်မီ ဆန်းချက်ဇ်၏ရွေးချယ်မှုနှင့် ပတ်သက်၍ စကားစစ်ထိုးခဲ့ခြင်းဖြစ်ကာ အာဆင်နယ်ကွင်းလယ်အင်အားသည် ၂၀၀၃ ခုနှစ်နောက်ပိုင်း အတောင့်တင်းဆုံးအနေအထားသို့ရောက်ရှိနေသည်။ ထို့ပြင် လီဗာပူး၏ ယခင်နှစ်ခြေစွမ်းမှာ ပိုမိုကောင်းသည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

# အီတလီဘောလုံးလောကသို့ ပြန်ဝင်ရန်အစီအစဉ်မရှိသေးဟု အန်စလော့တီဆို

အန်စလော့တီသည် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ဖိအားများနှင့်ရင်ဆိုင်နေရသော်လည်း အီတလီဘောလုံးလောကသို့ ပြန်လည်အခြေချရန်စိတ်မဝင်စားဟုဆိုသည်။ အန်စလော့တီက ရီးယဲလ်ကဲ့သို့ပင် ချယ်လ်ဆီး၊ ပီအက်စ်ဂျီနှင့် အေစီမီလန်တို့တွင် ဖိအားများရှိခဲ့ဖူးသည်ဟု ဆိုခဲ့သည်။

အဆိုပါ အီတလီလူမျိုးနည်းပြကြီးက အီတလီ၏ရုပ်မြင်သံကြားအစီအစဉ်တစ်ခုဖြစ်သော“အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်”အစီအစဉ်တွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အန်စလော့တီက “ရီးယဲလ်ရဲ့ ရည်ရွယ်ချက်က ရှင်းရှင်းလေးပါပဲ။ သူတို့အနေနဲ့ ပြိုင်ပွဲစုံမှာ ဖြစ်နိုင်သမျှ အမြင့်ဆုံးအဆင့်မှာပဲ ရပ်တည်ချင်တဲ့ဆန္ဒ ရှိနေတဲ့အသင်းပါ။ ဒါမျိုးက ချယ်လ်ဆီး၊ ပီအက်စ်ဂျီနဲ့ မီလန်အားလုံး အတူတူပါပဲ။ အသင်းတွေသာမတူညီတာ နည်းပြတွေအနေနဲ့ သူတို့ရှိနေစဉ်မှာ အသင်းအတွက်အကောင်းဆုံး ရလဒ်ရရှိဖို့ အားထုတ်ရတာကတော့ အတူတူပါပဲ။ ကျွန်တော်တို့ရဲ့နည်းပြအလုပ်က လူတိုင်းကိုပျော်အောင်တော့ မစွမ်းနိုင်ကြပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ ရွေးချယ်မှုကြောင့် ပွဲထွက်ခွင့်မရတဲ့ကစားသမားတွေပေါ့။ မိုရာတာဆိုရင် ဘင်ဇီမာ၊ ရိုနယ်ဒိုနဲ့ ဘေးလ်တို့လို ကံကောင်းမှုမျိုးမရရှိခဲ့ပါဘူး”ဟု ရှင်းပြခဲ့သည်။

အန်စလော့တီသည် အေစီမီလန်အား ချန်ပီယံလိဂ်ဖလားနှစ်လုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို ရီးယဲလ်အတွက် ပွဲဦးထွက်ရာသီမှာပင် ချန်ပီယံလိဂ်ဖလားကိုရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သို့သော် ယခုနှစ်ရာသီတွင် ရီးယဲလ်က လာလီဂါတွင် ဘာစီလိုနာအောက် လေးမှတ်လျော့ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင်သာ ရပ်တည်နေပြီး ကိုပါဒယ်ရေးဖလားမှထွက်ခဲ့ရသလို ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင်လည်း ရှော်လ်ကေးအား ဒုတိယအကျော့အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ရရာ အန်စလော့တီမှာ ဖိအားများအောက်ရောက်ရှိနေသည်။

## ဘောလုံးလောကသတင်းတိုများ

- ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေခဲ့သည့် နယူးကာဆယ်ကွင်းလယ်ကစားသမားဟောင်းကာဗာရီအား အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂျာမနီကွင်းလယ်ကစားသမား ခီဒီယာအား ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းမှုများပြုလုပ်ထားပြီး မန်ယူအသင်းအနေဖြင့် ခီဒီယာအား တစ်ပတ်လုပ်ခလစာပေါင် နှစ်သိန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဗလင်စီယာအသင်းမှ အသက် ၂၉ နှစ်အရွယ်ရှိ နောက်တန်းကစားသမား လူးဝစ်ဂါယာအား ပြောင်းရွှေ့ကြေးပေါင် ၁၃ ဒသမ ၆ သန်းဖြင့် ခေါ်ယူစာချုပ်သွားရန် ရှိနေကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းသည် အသက် ၁၉ နှစ်အရွယ်ရှိ မန်ယူအသင်းကွင်းလယ်ကစားသမား ပီရိန်ရာအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိနေသော်လည်း မန်ယူအသင်းကမူ အဆိုပါကစားသမားအား မန်ယူအသင်း၌ ဆက်နေရန်ဆန္ဒရှိပါက စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုနိုင်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။
- တိုက်စစ်မှူး ဟာနန်ဒက်ဇ် အငှားစာချုပ်သက်တမ်းကုန်၍ မန်ယူအသင်းသို့ ပြန်သွားခဲ့ပါက လက်ရှိမန်ယူအသင်း၌ အငှားဖြင့်လာရောက်ကစားလျက်ရှိသည့် မိုနာကိုတိုက်စစ်မှူး ဖယ်ကာအိုအား ခေါ်ယူစာချုပ်သွားရန် ရီးယဲလ်မက်ဒရစ်အသင်းက ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

# ခရိုင်အဆင့်အားကစားသမားဟောင်းကြီးများ နာရေးရန်ပုံငွေအတွက် ဘောလုံးပြိုင်ပွဲကျင်းပ

**ပဲခူး ဧပြီ ၅**

ဧပြီ ၄ ရက် ညနေ ၄ နာရီက ပဲခူးမြို့ မိုးလုံလေလုံအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးနှင့် ခရိုင်အဆင့် အားကစားသမားဟောင်းကြီးများ နာရေးရန်ပုံငွေအတွက် ဘောလုံးပြိုင်ပွဲပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘောလုံးအားကစားသမားများ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လက်ရွေးစင်အားကစားသမားဟောင်းများနှင့် အနုပညာရှင်များပါဝင်သော ဘောလုံးရူးလေးများအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘောလုံးရူးလေးများအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘောလုံးရူးလေးများအသင်းတွင် ရုပ်ရှင်သရုပ်ဆောင် ရာဇာနေဝင်း၊ သူထူးစံ၊ မိုးယံဇွန်၊ ဇာတ်မင်းသား ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ အောင်ဆန်းဖွင့်၊ တင်မောင်ဆန်းမင်းဝင်း၊ ဝေလျှံ၊ ဇော်လင်းထွန်း၊ နေဒွေး စသည့်အနုပညာရှင်များပါဝင်ပြီး နိုင်ငံကျော်အဆိုတော်တေးသံရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေကြသည်။

**တင်စိုး(ပဲခူး)**



# ဒဏ်ရာရကစားဖော်များ၏ တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းရန် မိမိအဆင်သင့်ဖြစ်နေဟု ဂေါ့ဇီဆို

ဘိုင်ယန်ကွင်းလယ်ကြယ်ပွင့် မာရီယိုဂေါ့ဇီက ဘိုင်ယန်၌ ဒဏ်ရာရကစားသမားများ များပြားနေသည့်အတွက် အသင်းဖော်များ၏လစ်ဟာသွားသော တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းရန် ၎င်းအနေဖြင့် တာဝန်ယူသွားမည်ဟု ဆိုသည်။ ဒေ့ါမွန်နှင့်ရင်ဆိုင်ရမည့်ပွဲတွင် ဘိုင်ယန်၌ ဒဏ်ရာရကစားသမားများ များပြားနေကာ ရီဘာရီက ခြေချင်းဝတ်ဒဏ်ရာ၊ အာလာဘာက၏ ဒူးဒဏ်ရာနှင့် အာဂျန်ရော်ဘင်က အာရုံကြောညပ်ဒဏ်ရာများရရှိနေသောကြောင့် ကွင်းလယ်တိုက်စစ်နေရာအတွက် ခက်ခဲနေခဲ့သည်။

ဂေါ့ဇီသည် ၂၀၁၃ ခုနှစ် ဘိုင်ယန်သို့မပြောင်းရွှေ့မီက ဒေ့ါမွန်အတွက် တောင်ပံ တိုက်စစ်မှူးအနေဖြင့် ကစားပေးခဲ့ရာ ရော်ဘင်နှင့် ရီဘာရီတို့ကြောင့် လစ်ဟာသွားသောတောင်ပံနှစ်ဖက်တွင် ၎င်းအနေဖြင့် ဖြည့်ဆည်းပေးသွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ဂေါ့ဇီက “ဒီတာဝန်ကိုယူဖို့ အဆင်သင့်ပါပဲ။ သူတို့လိုတော့ (ရီဘာရီ၊ ရော်ဘင်)အလုံးစုံအစားထိုးနိုင်မယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမယ့် ဘိုင်ယန်မှာ ဘယ်သူပဲဝင်ကစားစား အသင်းကောင်းဖွဲ့စည်းပုံတော့ ပျက်သွားမှာမဟုတ်ပါဘူး။ ပွဲတစ်ပွဲကို အနိုင်ရဖို့နဲ့ ရသအပြည့်အဝပေးစွမ်းနိုင်ဖို့တော့ ကျွန်တော်တို့စွမ်းဆောင်နိုင်သမျှ အကောင်းဆုံးကြိုးပမ်းသွားမှာပါ။ အများကြီးပြောင်းလဲဖို့ ဘယ်တော့မှ ကျွန်တော်မကြိုးစားပါဘူး။ ဒါပေမယ့် ပုံမှန်တိုးတက်မှုမျိုးကိုတော့ အမြဲတမ်းဆာလောင်နေတတ်တဲ့သူပါ”ဟု ဆိုသည်။

ဘိုင်ယန်သည် နောက်ဆုံးကစားခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ်တွင် မိုချန်ဂလာဘတ်အား နှစ်ဂိုး-ဂိုးမရှိဖြင့် အိမ်ကွင်း၌ပင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယနေရာရှိ ဝုဖ်ဘတ်အား ၁၀ မှတ်ထိဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ဒေ့ါမွန်အသင်းကမူ ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆိုးရွားကာ ယခုထိရမှတ် ၃၁ မှတ်သာရရှိထားပြီး နောက်နှစ်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့် ဆုံးရှုံးရန်အလားလာများနေသည်။



# ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်နေကြောင်း ဖိလစ်ပီလူးဝစ်ပြောကြား

ချယ်လ်ဆီးအသင်း၏ ဘရာဇီးနောက်ခံကစားသမား ဖိလစ်ပီလူးဝစ်က မိမိအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းမှထွက်ခွာမည်မဟုတ်ဘဲ အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ လူးဝစ်မှာ ပြီးခဲ့သည့်နွေရာသီကာလက အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပေါင် ၁၅ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းနှင့်အံမဝင်ဘဲ ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ထို့ပြင် ၎င်းအား စပိန်နှင့် ဂျာမနီကလပ်များက လာမည့်နွေရာသီတွင် အငှားဖြင့်ခေါ်ယူရန် အပြိုင်စိတ်ဝင်စားနေခြင်းဖြစ်သော်လည်း ချယ်လ်ဆီးအသင်းအတွက်သာ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

လူးဝစ်က “ကျွန်တော့်အနေနဲ့ ဒီအသင်းမှာကစားရတာ အလွန်ပျော်ရွှင်မိပါတယ်။ အသင်းနဲ့ အထိုင်ကျဖို့အနည်းငယ်ရုန်းကန်နေရပေမယ့် မကြာခင်မှာ အကောင်းဆုံးခြေစွမ်းနဲ့ပြန်လာမှာပါ။ ချယ်လ်ဆီးအသင်းကို ဆုဖလားတွေထပ်မံရရှိဖို့ အစွမ်းကုန်ကူညီသွားမှာဖြစ်ပြီး နောက်ထပ်ဖလားတွေဆွတ်ခူးဖို့ မစောင့်နိုင်အောင်ပါပဲ” ဟုပြောကြားသွားခဲ့သည်။

**(ကိုရဲ)**

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(နေပြည်တော်) ပထမပွဲစဉ်၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးကူညီမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးမှူး၍ ဧရာဝတီဘဏ်လီမိတက်က အဓိက ကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် ပထမပွဲစဉ်(နေပြည်တော်)၏ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို မေ ၅ ရက်နံနက်ပိုင်းတွင် နေပြည်တော် ရွှေရှင်ရယ်မြန်မာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့(၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ အမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ချီးမြှင့်၍ ရွှေရှင်ရယ်မြန်မာဂေါက်ကွင်း(နေပြည်တော်)မှ General Manager ဒေါ်ခင်ဆွေအေးက လက်ခံရယူသည်။

ထို့နောက် အပျော်တမ်းအမျိုးသား၊ အမျိုးသမီး၊ ပညာရှင်အဆင့်တို့၏နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို ဧရာဝတီဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးသန့်ဇော်စိုးက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၌စုစုပေါင်းရိုက်ချက် (၂၂၇)ချက်ဖြင့် တတိယရရှိသော အေးအေးအောင်၊ စုစုပေါင်းရိုက်ချက်(၂၂၁)ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်တို့အားဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် (၂၉၃)ချက်ဖြင့် တတိယရရှိသော မောင်မဲ၊ စုစုပေါင်းရိုက်ချက် (၂၈၇)ချက်ဖြင့် ဒုတိယရရှိသောဟိန်းစည်သူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၂၈၀)( 8 Under)ဖြင့် ဒုတိယပူးတွဲဆု ရရှိသော အောင်ဝင်း(HAN Golf Academy)၊ သိန်းဇော်မြင့် (Mizuno)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၂၁)ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုး၊ အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၂၈၂)ချက်(6 Under)ဖြင့် ပထမရရှိသော မောင်မောင်ဦး၊ Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၇၈)ချက် (10 Under ) ဖြင့် ပထမရရှိသော မျိုးဝင်းအောင်တို့အား ဆုများပေးအပ်ချီးမြှင့်၍ ဧရာဝတီဘဏ်လီမိတက်ကိုယ်စား General Manager ဦးကျော်ဇောဟန်က ပထမရရှိသော မျိုးဝင်းအောင်အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**



# ပဲကြော်အိုးမှောက်၍ မီးလောင်ကျွမ်း၊ တစ်ရက်တည်း မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက်၊(၈)လမ်း၊ တိုက်အမှတ်- ၅၂ တွင် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ ခန့်က ပဲကြော်အိုးမှောက်ရာမှ မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။



အဆိုပါမီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(ဌာနချုပ်)မှ မီးသတ်ယာဉ်များအပါအဝင် အနီးတစ်ဝိုက်မီးသတ်စခန်းများရှိ မီးငြိမ်းသတ်ယာဉ်စုစုပေါင်း ၂၀ ကျော်ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ ထိုရှစ်ထပ်တိုက်၏ မီးလောင်မှုဖြစ်ပွားရာ ဝဲဘက်ခြမ်း ငါးလွှာအပါအဝင် ခြောက်လွှာတွင်ပါ မီးဟပ်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ထိုတိုက်ခန်းတွင် -----အမည်ရှိသော ဇယန်းလက်ဖက်နှင့် ပဲကြော်စုံရောင်းဝယ်ရေးလုပ်ငန်း၏ ပဲကြော်များ ကြော်လှော်နေချိန်တွင် အိုးမှောက်ကာ လောင်ကျွမ်းရခြင်းဖြစ်သည်ဟု သိရသည်။ မီးလောင်မှုအပေါ် အရေးယူနိုင်ရန် လမ်းမတော်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ထို့အပြင် ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၄၀ ခန့်ကလည်း အလုံမြို့နယ်ရှိ ကျောင်းလမ်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရ သည်။

**ထက်ခိုင်(စမ်းချောင်း)**

□□

# အပူလွန်ကဲသည့်အချိန်တွင် အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်သင့်

**နေပြည်တော် မေ ၅**

ယခုနှစ် နွေရာသီတွင်နေရာဒေသအသီးသီး၌ အပူရှိန်များ မြင့်မားလျက်ရှိပြီး အရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများလည်း အန္တရာယ်အဆင့်တွင် ရောက်ရှိနေကြောင်း၊ အပူရှိန်မြင့်မားနေမှုကြောင့် ရှောင်ရန်ဆောင်ရန်များကို မိုးလေဝသပညာရှင် ဦးထွန်းလွင်က ၎င်း၏ Facebook စာမျက်နှာတွင် ဖော်ပြသတိပေးထားသည်ကို သိရသည်။

အပူရှိန်လွန်ကဲသည့် အချိန်များတွင် အရက်သေစာအလွန်အကျွံသောက်သုံးသူများအနေဖြင့် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်၍ သေဆုံးနိုင်သည်။ အထူးသဖြင့် သင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် သင်္ကြန်ရေစိုပြီး နေကအလွန်ပူနေသည့် အချိန်များတွင် အရက်သေစာသောက်သုံးခြင်းကို သတိပြုဆင်ခြင်သင့်ပေသည်။ အပူအအေးမမျှတသော ထိုအချိန်မျိုးတွင် အရက်သေစာအလွန်အကျွံသောက်သုံးမိပါက ရုတ်တရက်ဦးနှောက်သွေးကြောပြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်းများ ဖြစ်တတ်သည်။ ဦးနှောက်သွေးကြောပိတ်လျှင် နာတာရှည်လေဖြတ်ရောဂါရရှိနိုင်သည်။ သို့ပါ၍ ယခုလို အပူချိန်ပြင်းသည့် အချိန်များတွင် အရက်သေစာသောက်သုံးခြင်းကို အထူးရှောင်ရှားသင့်သည်။

အပူလွန်ကဲခြင်းကြောင့် လူ၏ခန္ဓာကိုယ်တွင် ချွေးများထွက်ပြီး ရေဓာတ် ခန်းခြောက်လာနိုင်သည့်အတွက် ရေကိုနေ့စဉ်သုံးလီတာ (ရေသန့်ဘူး ၃ ဘူး)ခန့် သောက်သင့်သည်။ ထို့အပြင် ခန္ဓာကိုယ်တွင်းအေးစေရန် အစားအသောက်များကိုလည်း ရွေးချယ်စားသုံးရန် လိုအပ်ပေသည်။ နေပူထဲသွားလျှင်လည်း လုံလောက်သော အရိပ်ရနိုင်သည့် အကာအကွယ်နှင့် သွားလာသင့်သည်။

ထို့အပြင် အဲကွန်းခန်းမှ အချိန်ကြာမြင့်စွာနေပြီး နေပူထဲသို့သွားလျှင် ဦးနှောက်အတွင်း သွေးလွှတ်ကြောသွေးပြန်ကြောများ သွေးသွား သွေးလာပုံမှန်မဖြစ်သဖြင့် ရုတ်တရက်မူးဝေခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းများဖြစ်နိုင်သဖြင့် ဆင်ခြင်သွားလာသင့်သည်။

သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များသည် အပူဒဏ်ခံနိုင်ရန် လေဝင်လေထွက်ကောင်းမွန်သော နေရာများ၊ အရိပ်ရသော နေရာများတွင် နေကြရန်၊ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း မြစ်ဆိပ်၊ ရေဆိပ်များတွင် ရေချိုးခြင်းမှ ရှောင်ကြဉ်ရန်၊ အရက်သောက်သုံးခြင်းသည် နေပူဒဏ်ကို ပိုမိုဖြစ်ပေါ်စေနိုင်သဖြင့် ရှောင်ရှားသင့်ကြောင်း သတင်းစာ၊ စာစောင်များတွင် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်သတိပေးထားသည်။

**သန်းဦး(လေးမျက်နှာ)**

## ပြည်ထဲရေးဝန်ကြီးဌာန
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့။ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး။
(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  (၁) ရန်ကုန်တိုင်းဒေသကြီး။ မင်္ဂလာဒုံမြို့နယ်
  (၂) နေပြည်တော်။ ဇမ္ဗူသီရိမြို့နယ်
(ဂ) အကျဉ်းဦးစီးဌာန
  (၁) ပဲခူးတိုင်းဒေသကြီး။ ဒိုက်ဦးမြို့နယ်
  (၂) ကချင်ပြည်နယ်။ မိုးညှင်းမြို့နယ်
  (၃) မွန်ပြည်နယ်။ မော်လမြိုင်မြို့နယ်
  (၄) နေပြည်တော်။ ဒက္ခိဏသီရိမြို့နယ်
(ဃ) မီးသတ်ဦးစီးဌာန။
  (၁) နေပြည်တော်။ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်
  (၂) မန္တလေးတိုင်းဒေသကြီး။ ပြင်ဦးလွင်မြို့နယ်

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာကို (၆-၄-၂၀၁၅)ရက်နေ့မှ စတင်၍ ဝယ်ယူနိုင်ပြီး (၃၀-၄-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၅၂၈၊ ၀၆၇-၄၁၂၀၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

## ဥတုရာသီ တောကိုမှီ၏

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၄၄၈အေ/၂အေ)၊ မြေကွက်တည်နေရာအမှတ်(၁၂၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဒိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးတင်ညို၊ ဒေါ်ကျင်မေ(ခနီး) မကြည်ကြည်(သမီး)အမည်ပေါက် မြေပိုင်မြေအားမူလအမည်ပေါက်စာချုပ်မှာ မြေကွက်ခွဲသွား၍ တင်ပြနိုင်မှုမရှိဘဲ အမည်ပေါက်(၃)ဦးအနက် မိခင်၊ ဖခင်တို့ ကွယ်လွန်၍ ဒေါ်ကြည်ကြည်မှ ပိုင်ဆိုင်ခဲ့သော ပိုင်ဆိုင်စာချုပ် ၇၅၁/၂၀၀၁ (စာချုပ်ရုံးလက်ခံအမှန်)နှင့် ဒေါ်ကြည်ကြည်မှ မေတ္တာဖြင့်ပေးကမ်းသည့် စာချုပ်အမှတ် (၃၃၉၈/၂၀၀၂)အရ ဦးဘစ်နှင့် ဒေါ်ငယ်တို့မှ ရရှိခဲ့ပြီး ဦးဘစ်အား ဦးဘစ်ဟု အမည်မှားယွင်းချုပ်ဆိုခဲ့၍ အမှားပြင်စာချုပ် ၁၉၅၃၉/၂၀၁၄ ဖြင့်ပြင်ဆင်ခဲ့ကြောင်း အထောက် အထားများကိုတင်ပြ၍ ဦးဘစ်(၁၂/ဗဟန(နိုင်)၀၀၇၂၀၈)နှင့် ဒေါ်ငယ်(၁၂/ဗဟန(နိုင်)၀၀၇၇၁၉)တို့မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


# ဝမ်းမြောက်မိပါသည်

၂၀၁၅ခုနှစ်၊ မတ်လ ၃၁ ရက်က အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား အပစ်အခတ် ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် ပဏာမမူကြမ်းကို လက်မှတ်ရေးထိုးခဲ့ရာ သမ္မတကြီး ဦးသိန်းစိန် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရေရှည်တည်တံ့ပြီး ခိုင်မြဲသော ငြိမ်းချမ်းရေး ပေါ်ပေါက်လာနိုင်ရန်အတွက် သမိုင်းတွင်မည့် ခြေလှမ်းအသစ်ဟု ယုံကြည်ပါသည်။ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံတော် ထာဝရငြိမ်းချမ်းရေးမှတ်တိုင်သစ်ကို စိုက်ထူနိုင်ပါစေကြောင်း ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
မြန်မာနိုင်ငံဂီတအစည်းအရုံး
မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး

# နန့်ကဲချောင်းကူးတံတား တည်ဆောက်ပြီးစီး

**မော်လူး ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ရွှေလေးတန်ကားလမ်းမကြီးပေါ်ရှိ နန့်ကဲချောင်းကူးတံတားမှာ ဧပြီ ၂ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နန့်ကဲချောင်းကူးတံတားသည် အလျား ပေ ၄၀၊ အကျယ် ၁၅ ပေ၊ အမြင့် ပေ ၂၀ရှိသော ကျောက်စီကမ်းကပ်ခုံ သစ်သားခင်းတံတားအမျိုးအစားဖြစ်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းကို မတ် ၁၃ ရက်မှ စတင်ခဲ့ရာ ဧပြီ ၂ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သဖြင့် လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သည်။

"ဒီတံတားရဲ့ ကနဦး မတည်အလှူရှင် မော်လူး ဦးတင်ရွှေ-ဒေါ်ပြုံး မိသားစုက ၂၂ သိန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဘိလပ်မြေအိတ် ၃၀၀အိတ်ပံ့ပိုးပေးပြီး ဒေသခံတွေနဲ့ ခရီးသွားပြည်သူတွေရဲ့ စုပေါင်းလှူဒါန်းငွေ ၁၀ သိန်းတို့နဲ့ တည်ဆောက်ခဲ့တာ။ ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၅၀ ခန့်ရှိတယ်။

"အရင်က ဒီတံတားဟာ ကြံ့ခိုင်မှုအားနည်းတဲ့အတွက် မော်တော်ယာဉ်တွေ သုံးဘီးမော်တော်ဆိုင်ကယ်တွေ မောင်းနှင်သွားလာရတာ အခက်အခဲရှိခဲ့ပေမယ့် အခုအခါမှာတော့ တံတားပြီးစီးသွားပြီဖြစ်တဲ့အတွက် မော်လူးဒေသမှာရှိတဲ့ ကျေးရွာပေါင်း ၂၀ ကျော်၊ ဗန်းမောက်မြို့နယ်နဲ့ ကချင်ပြည်နယ်အထိ ဆက်သွယ်သွားလာရေး အဆင်ပြေခဲ့ပါပြီ"ဟု ဝွေ့ကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောသည်။

**နီတိုး**



# စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲ ကျင်းပ

**ရေး ဧပြီ ၅**

မွန်ပြည်နယ် ရေးမြို့နယ် ပညာရေးဝန်ထမ်းမိသားစုများ၏စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲကို ရေးမြို့အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဧပြီ ၃ရက်(တန်ခူးလပြည့်) နံနက်၇နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရှင်သာမဏေအပါး ၁၀၀က ဒုလ္လဘရဟန်းခံကြကာ ရှင်ပြုအလှူတော်မင်္ဂလာပွဲကို အစင်စံပြကျေးရွာ စွန်းလွန်းဂူဓမ္မယောသကကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောက၊ ဥက္ကဋ္ဌ ပြည်နယ်သံဃနာယကအဖွဲ့ မဟာဒွါရဆရာတော်အား အမှူးပြုကာ ရေးမြို့နယ်ပညာရေးဝန်ထမ်းမိသားစုများက စုပေါင်းကျင်းပခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း စိတ်ကြွဆေးများ ရောင်းချခြင်းရှိ၊မရှိ စစ်ဆေးဆောင်ရွက်

**ကျောက်မြောင်း ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် ရတနာသိခ်တံတား ချဉ်းကပ်လမ်းဆုံ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့၊ နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မိုးခိုင် ဦးစီးသည့်အဖွဲ့၊ အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး နှင့်အဖွဲ့တို့သည် ဧပြီ ၂ ရက်က နံနက် ၉ နာရီ ခွဲမှ ၁၁ နာရီအထိ သင်္ကြန်အကြိုကာလ အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး အဆိုပါအဖွဲ့သည် ကျောက်မြောင်းတိုက်နယ် ဆေးရုံမှ တာဝန်ခံ ဒေါက်တာလင်းထင်ကျော် ဦးဆောင်သည့်အဖွဲ့နှင့်အတူ ပူးပေါင်း စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အမှတ် (၂) ရပ်ကွက် အတွင်းရှိ ဦးငွေအောင် ဆေးဆိုင်၊ ဖူးပွင့်ဆေးဆိုင်၊ အမှတ် (၃) ရပ်ကွက်အတွင်းရှိ စန်းသီရိဆေးဆိုင်တို့၌ မူးယစ်ဆေးဝါးနှင့် ကာမရာဂစိတ်ကြွဆေးများ ရောင်းချခြင်းရှိ၊ မရှိတို့ကို နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပြန်/ဆက်**

# အထွေထွေရွေးကောက်ပွဲအတွက် နတ်မောက်မြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုတွင် မဲရုံနေရာသတ်မှတ်ရေး ဆွေးနွေး

**နတ်မောက် ဧပြီ ၅**

နတ်မောက်မြို့နယ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ လျာထားသတတ်မှတ်ရာတွင် ကျေးရွာ၂၉ အုပ်စုမှ မဲရုံတည်နေရာများ မဲရုံသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါကော်မရှင်အစည်းအဝေးသို့ နတ်မောက်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညိုကြီးက ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ အရည်အချင်းနှင့်ပြည့်စုံ၍ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များကို အချက်ရှစ်ချက်နှင့်အညီ ထည့်သွင်းဖွဲ့စည်းကြရန်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးတင့်ဇော်မှ မဲရုံများလျာထားရာတွင် ဝတ္တကမြေအတွင်းရှိသော ဘုန်းတော်ကြီးစာသင်ကျောင်းများ၊ ဓမ္မာရုံများနှင့် အခြားမည်သည့်သာသနာ့နယ်မြေပေါ်တွင်မဆို မဲရုံများဖွင့်လှစ်ခြင်း မပြုလုပ်ရန်တို့ကို ပြောကြားခဲ့သည်။

ထိုအပြင်စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများမရှိသော အရပ်ဒေသများ၌ ရပ်ကွက်ကျေးရွာများရှိ ဓမ္မာရုံများတွင် မဲရုံဖွင့်လှစ်နိုင်ပြီး မည်သည့်အဆောက်အအုံမှ မရှိပါက သီးခြားမဲရုံများဆောက်လုပ်နိုင်ရေး ကြိုတင်ဆောင်ရွက်ထားရန်တို့ကို ၎င်းကဆက်လက် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ လျာထားသတ်မှတ်ရာတွင် နတ်မောက်မြို့နယ် ရပ်ကွက်ကျေးရွာ ၂၉ အုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ တစ်ဦးချင်းစီ တင်ပြဆွေးနွေးခဲ့ကြောင်းသိရသည်။

**လှဝင်း**

## Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်နှင့် အရေးကြောင်းများ ပြုပြင်ရေး Center

➢ ရန်ကုန်ဆိုင်ခွဲ(၁)။ ။ ဘုရင့်နောင်တာဝါ 2(A) လှည်းတန်း၊ Ph:01-532183, 09-2053186

➢ ရန်ကုန်ဆိုင်ခွဲ(၂)။ ။ ရွှေအုန်းပင် အိမ်ရာ(၂)၊ ရန်ကင်း၊ရန်ရှင်းလမ်းမကြီး။ Ph:09-2000926

➢ ရန်ကုန်ဆိုင်ခွဲ(၃)။ ။ မြန်မာ့ဂုဏ်ရည်အိမ်ရာ ဝါဝါဝင်းကွန်ဒို၊ မောင်ဝိတ်ကွန်ဒိုနှင့် ကပ်လျက်၊ မင်္ဂလာတောင်ညွန့်။ Ph:01-393097,09-91019264

➢ ရန်ကုန်ဆိုင်ခွဲ(၄)။ ။ တိုက် 24(B)၊ အခန်း(002)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်။ Ph:09-798807911, 798807912

➢ ရန်ကုန်ဆိုင်ခွဲ(၅)။ ။ အမှတ်(11)C၊ မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊ အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်။ Ph:09-798734478, 258304048

### ဖခင်အမည်မှန်

ဘားအံမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းတွင် ပညာသင်ကြားနေသော နန်းဝင့်ဝါမြင့်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်အစား ဦးစောမြင့်စိုး [၃/ဘအန(နိုင်)၁၁၇၄၀၂]ဖြစ်ပါကြောင်း။

ဦးစောမြင့်စိုး

### B.L.T Travels

သင်္ကြန်အထူးခရီးစဉ် Apr12

ပုဂံ၊ ပုပ္ပါး၊ မန္တလေး(အဆင့်မြင့်) 140000

တောင်ကြီး၊ အင်းလေး၊ ပင်းတယ

ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး

09-73163538, 09-31785622

### ငွေဆောင်ကမ်းခြေခရီးစဉ်

၂၀-၄-၂၀၁၅ ထွက်မည်။ (၁)ညအိပ် (၂)ရက်

Ocean Blue Hotel (75000ကျပ်)

ရောနဒီခရီးသွားလုပ်ငန်း

Ph: ၀၉-၇၃၁၂၀၇၅၈၊ ၀၉-၂၅၂၂၀၀၁၁၄၊ ၀၉-၂၅၂၉၉၇၈၁၅

### စွန့်ပစ်မြေကြီးအလိုရှိသည်

ရွှေသံလွင် စက်မှုဇုန်

ဆက်သွယ်ရန်

ဖုန်း-၀၉-၉၇၄၆၈၆၃၄၄

### uoeZi CAR RENTAL

ကားမျိုးစုံကို ခရီးစဉ်

လချုပ် အချိန်ပိုင်းငှားသည်။

ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂

ဘုရားဖူးပွဲသွားသွား...အပျော်ခရီးပဲထွက်ထွက်...အချိန်ပိုင်းပဲလိုလို...

ကားမျိုးစုံစိတ်တိုင်းကျငှားပေးပြီ။

CRANE 095094914 0943164788

### IGCSE

Mathematics

Home သင်သည်။

ဖုန်း-09-73159516/09-73109570

တရုတ်

စကားပြောရုံပဲဆိုရင် Sayar.Yang

(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

ENGLISH Conversation Practice

ပြောလို့ပြီးပြောမတတ်သူ

ပြောတတ်ပြီးပြောမထွက်သူအတွက်

စကားပြောလေ့ကျင့်သင်တန်း၊

Great Wall စကားပြော၊ စကားပြန်

TAMWE-540714, 09 5183636, 09420230133

သင်္ကြန်အထူး 10%Discount (1.4.15 to 11.4.15)




### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I-8485၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### မြေကွက်အမြန်ရောင်းမည်

ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဖျာဒိုးကျေးရွာ၊ ရတနာပုံ Cyber Tech နှင့်မျက်နှာချင်းဆိုင် လမ်းသွယ်ထဲရှိ ၈၂'×၁၁၀'၊ ထောင့်ကွက် နေရာကောင်း၊ ရပ်ကွက်သန့်အဆောက်များနှင့်နီးသည်။အရှေ့နှင့် မြောက်လှည့်သည်။ လမ်းကောင်းသည်။

Ph:09-974592882

## သင်္ကြန်ကာလ မူးယစ်ဆေးအန္တရာယ်အသိပညာပေး

**တွံတေး ဧပြီ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ သင်္ကြန်ကာလ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ကာမစိတ်နိုးဆွဆေးများ ရောင်းချ၊ သုံးစွဲခြင်းမပြုစေရေး အသိပညာပေးဟောပြောပွဲကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသောင်းတို့ဦးဆောင်၍ အသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်မိုးဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ကာမစိတ်နိုးဆွသော ဆေးဝါးများရောင်းချခြင်း၊ သုံးစွဲခြင်းဆိုင်ရာ ဥပဒေများအကြောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသောင်းက မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များ၊ သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အန္တရာယ်လျှော့ချရေး ပညာပေးဆွေးနွေးခဲ့ကြသည်။ **မျိုးလှိုင်(တွံတေး)**

## အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ ဧပြီ ၅**

မိတ္ထီလာတွင် ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက ကံကြီးကျေးရွာအုပ်စု ပိတောက်ပင်ကျေးရွာ အမှတ် ၄၂ အခြေခံပညာ မူလတန်းကျောင်းတွင်ပြုလုပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင်ပါဝင်ဆောင်ရွက်သည့် မိတ္ထီလာတက္ကသိုလ်မှ ဒေါက်တာကျော်ကျော်ဝင်း (ပါမောက္ခ၊ ရူပဗေဒဌာန) က အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် တက္ကသိုလ်၏ ပါဝင်ကူညီဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာမြို့ အရှေ့စံပြကျေးရွာ ယခုညောင်ကိုင်းကျေးရွာမှ ရှေ့ပြေးစမ်းသပ်မှုအနေဖြင့် 'အ'သုံးလုံးသင်တန်းတစ်ခုကို ရန်ကုန် (ကံဘဲ့) ဆရာအတတ်သင်သိပ္ပံမှ သင်တန်းသားလေးဦးဖြင့် စတင်ဆောင်ရွက်ကြောင်း၊ မြန်မာနိုင်ငံတွင် စာတတ်မြောက်သူဦးရေ တိုးပွားအောင်၊ စာတတ်မှုနှုန်းမြင့်မားလာအောင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုများကြောင့် ၁၉၇၁ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်တွင် တစ်ကြိမ် ယူနက်စကိုအဖွဲ့ချုပ်ကချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် နိုမာဆုများကို ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် စာတတ်မြောက်ရေးလုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ကံကြီးကျေးရွာအုပ်စုအတွင်းရှိ ကံကြီး၊ ပိတောက်ပင်၊ ကျောင်းရွာ၊ ကုက္ကိုပင်၊ အုတ်ဖိုနှင့် ညောင်ပင်သာကျေးရွာခြောက်ရွာမှ စာမတတ်သူဒေသခံ ၁၄၇ ဦးအား မိတ္ထီလာတက္ကသိုလ်မှ လုပ်အားပေး ကျောင်းသူ ၁၅ ဦး၊ ကြီးကြပ်သူဆရာမနှစ်ဦးတို့က ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ စာတတ်မြောက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မြန်အောင်မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီ မီးဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မြန်အောင် ဧပြီ ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီသည် မတ် ၃၁ ရက်က အမှတ်(၄)ရပ်ကွက် ရွှေမြင်တင်ဘုရားဓမ္မာရုံတွင် မြို့နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအေးသောင်းက ယခုအချိန်သည် ပူပြင်းပြီး မီးလောင်လွယ်သောအချိန်ကာလဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်လိုအပ်နေသော ရေရရှိမှုအခြေအနေ၊ ကြိုတင်ကာကွယ်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးသွားရန်နှင့် လုပ်ငန်းကော်မတီ၏ တစ်နှစ်တာဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ကော်မတီ၏ဘဏ္ဍာရေးမှူးက ၂၀၁၄ ခုနှစ်တွင် သုံးစွဲခဲ့သော ငွေစာရင်းများကို အစည်းအဝေးတက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များအား ရှင်းလင်းတင်ပြ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဧရာဝတီမြစ်မှ ရေတင်စက်နှစ်လုံးဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆပ်ကော်မတီအဖွဲ့များက ရှင်းလင်းတင်ပြခဲ့ကြသည်။

ယခုနှစ်သည် မြန်အောင်မြို့နယ်အတွင်းရှိ ရေတွင်းရေကန်များ အချိန်မတိုင်ခင် ခန်းခြောက်နေသဖြင့် မြို့လူထုနှင့် ပြည်ထောင်စုဝန်ကြီးတို့ စုပေါင်းဝယ်ယူထားသော ဒေသပိုင်မီးသတ်ဘောက်ဆာကားဖြင့် ရေများလိုက်လံဝေငှနေမှုများကို ဒေသပိုင်မီးသတ်အဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဆက်လက်ပြီးလုပ်ဆောင်သွားရန်နှင့် ရေပေးဝေသွားရန် လိုအပ်မှုများကို ကော်မတီသို့ တင်ပြဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။ **နေဝင်းဇော်(မြန်အောင်)**

## နွားထိုးကြီး-မြို့သာ ကတ္တရာလမ်း ၇၅ ရာခိုင်နှုန်းပြီးစီး

**နွားထိုးကြီး ဧပြီ ၅**

ရာသီမရွေးသွားလာနိုင်ရန် နွားထိုးကြီး-မြို့သာ မိုင် ၂၀ ကျော်လမ်းကို ၁၂ ပေကျယ် ကျောက်ကတ္တရာလမ်းအဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ခနပြည့်ဖြိုးမောက် DNPP ကုမ္ပဏီက သုံးဖွဲ့ခွဲ၍ ငါးလနှင့်အပြီး လမ်းဖောက်လုပ်နေရာ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့သာ တောဖောက်လမ်းပိုင်း ဝက်လူးပဲချက်လမ်းပိုင်းနှင့် ထန်းဇင်လမ်းပိုင်းများကို ကျောက်ကတ္တရာလမ်းခင်းနေခြင်းဖြစ်သည်။ ထန်းဇင်၊ ထန်းကွ၊ ဝင်လူးလမ်းပိုင်း မိုင် ၂၀ ကို နွားထိုးကြီးကျေးလက်မှ ငွေကျပ် ၁၁၆၁ ဒသမ ၃၄ သန်းဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ နွားထိုးကြီး-မြို့သာ ရာသီမရွေးသွားလာနိုင်သော ကျောက်ကတ္တရာလမ်းခင်းနိုင်၍ မြို့သာနှင့် နွားထိုးကြီးမြို့နယ်မှ ကျေးရွာ ၃၀ ကျော် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **ဌေးမြင့်မောင်**







### ကမ္ဘာ့တီလိုက်ပတ်ယေန်သွာင်မန် ( ချင်လွှင် )

(၄၂)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲ နှင့် (၁၂) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ၜဂ ဒိတ်ကြာႏၜၠာ ၒဒ

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ( ရန်ကုန် ) မှ ကြီးမှူး၍ အသက် ( ၇၅ )နှစ် နှင့်အထက် မွန်ဘိုးဘွားများအား နှစ်စဉ်နှစ်တိုင်း ကဲ့သို့ ရိုးရာအစဉ်အလာမပျက် မွန်သက်ကြီးပူဇော်ပွဲ နှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် (၁)ဘာသာနှင့် အထက် ဂုဏ်ထူးဖြင့် အောင်မြင်သော မွန်ကျောင်းသူ/ကျောင်းသားများအား ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မွန်တိုင်းရင်းသားအားလုံး ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

နေ့ရက် ..... ၁၃၇၇-ခုနှစ်၊ နှစ်ဆန်း (၁) ရက်
[ ၁၇-၄-၂၀၁၅ ( သောကြာနေ့ ) ]
အချိန် ..... နံနက် (၉:၀၀) နာရီ
နေရာ ..... "မွန်ဓမ္မာရုံ" ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

မှတ်ချက် ✦ နံနက် ( ၇ : ၀၀ ) နာရီမှစ၍ မွန်မိုးရာသကြ်န်ထမင်းဖြင့် ဧည့်ခံပါမည်။
✦ ဂုဏ်ထူးရရှိသူများ ( ၇-၄-၂၀၁၅ )ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးပို့ပါရန်။

✿ ဘိုးဘွားများအား မိမိအစီအစဉ်ဖြင့် လှူဒါန်း လိုသူများ ဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသူ/ကျောင်းသားများ ကော်မတီသို့ ကြိုတင်၍ ဆက်သွယ်စာရင်းပေးပို့ကြပါရန် ✿
( ဖုန်း - ၀၉ ၄၅၀၀ ၁၄၅၁၈ ၊ ၀၉ ၈၆၂၅၁၂၄ ၊ ၀၉ ၅၁၄၉၉၅၄ ၊ ၀၉ ၅၁၉၆၄၇၉ ၊ ၀၉ ၇၃၀ ၈၄၈၂၂ )







### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ပုသိမ်မြို့ အုပ်ချုပ်မှုအောက်ရှိ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ ဇရပ်လှအုပ်စုနှင့် သင်တောဂရက်ရွာအတွင်းရှိ ဒုတ်ရိုက်ရိုးတူးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ် ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်း - မြောင်းပြန်လည်တူးဖော်ခြင်း(မြေကြီးလုပ်ငန်း)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၅-၄-၂၀၁၅ရက်မှ ၉-၄-၂၀၁၅ရက်အထိ
(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၉-၄-၂၀၁၅ရက်၊ ၁၆း၃၀နာရီ
(ဂ) တင်ဒါတင်သွင်းရန်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ပုသိမ်မြို့။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၅-၄-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လက်ထောက်ညွှန်ကြားရေးမှူးရုံး၊
ဆည်မြောင်းဦးစီးဌာန၊ ပုသိမ်မြို့။
ဖုန်း-၀၄၂-၂၂၈၁၁၊ ၀၄၂-၂၂၅၉၄

ပြည်တွင်းရေးရာ

# သဘာဝသယံဇာတများဖြင့် တည်ထားသည့် ဝေရောစန ကျောက်စိမ်းစေတီတော်ကြီး

**à ရန်နိုင်စိုး**

ပြီးခဲ့သည့် ရက်ပိုင်းက သတင်းကိစ္စတစ်ခုဖြင့် မန္တလေးသို့ ခရီးထွက်ဖြစ်သည်။

နေပြည်တော်မှ မော်တော်ယာဉ်လေးဖြင့် ရန်ကုန်-မန္တလေးလမ်းမကြီးအတိုင်း မန္တလေးသို့ သွားရသည်။ နံနက်ပိုင်းဖြစ်၍ အမြန်လမ်းမကြီး၏ ဘေးဘီဝဲယာကို လေ့လာစေ့ငုမိသည်။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုအားကောင်းသဖြင့် အတွေးနယ်ချဲ့မိသည်။ မိုင်တိုင်၃၅၀ကျော်ပြီးတိုးဂိတ်ကိုရောက်မှ မန္တလေးမြို့နား ရောက်တော့မည်ကို သတိပြုမိသည်။ မန္တလေးမြို့ထဲ ဝင်ကာနီးလေ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာ ပိုများလာသည်။ လမ်းဘေးတစ်လျှောက်ကို ကြည့်နေရင်းမှ တည်လက်စ စေတီတစ်ဆူကို သတိပြုမိသည်။ ဖူးတွေ့နေကျ ရွှေရောင်အဆင်းဖြင့် တည်ထားခြင်းမဟုတ်ဘဲ ကျောက်စိမ်းများဖြင့် တည်ထားခြင်းဖြစ်ကြောင်း မိုင်တိုင် ၃၆၁ရောက်မှ အနီးကပ် ဖူးမြော်မိသည်။ ကျောက်စိမ်းဆိုသည်မှာ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှထွက်သည့် သဘာဝသယံဇာတတစ်မျိုးဖြစ်သည်။ သဘာဝသယံဇာတ ကျောက်စိမ်းများဖြင့် တည်ထားသည်ကတစ်ကြောင်း သတင်းစာဖတ်ပရိသတ်များ ကုသိုလ်ပွားများပြီး ဗဟုသုတလည်း တိုးပွားနိုင်သည်က တစ်ကြောင်းကြောင့် စေတီတော်ကြီးအကြောင်း ဖော်ပြရန်သွားရောက်မိသည်။

အဆိုပါ ဝေရောစနကျောက်စိမ်းစေတီတော်ကို မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် ဆင်ရွာ-မြင်းမှူးကျေးရွာတွင် တည်ရှိပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၃၆၁) အနီးနှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ မိုင်တိုင်(၄/၇)နားမှ သွားရောက်နိုင်သည်။ ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၏ မြေနေရာအလှူရှင် ကျောက်စိမ်းဒီဇိုင်းများနှင့် ပန်းပုပုံများ ထုဆစ်ခန့်ခွဲကပ်လှူသူပညာရှင်မှာ ဦးစိုးနိုင်(အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီ)ဖြစ်သည်။ အလှူရှင် ဦးစိုးနိုင်သည် ကျောက်မျက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စုဆောင်းထားသောကျောက်စိမ်းတန်ပေါင်း ၁၃၀၀ ကျော်ဖြင့် စေတီတော်ကြီးအား တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများကပါ စိတ်ဝင်တစား လာရောက်ဖူးမြော်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဝေရောစနကျောက်စိမ်းစေတီတော်ကြီးကို ၅ဧက အကျယ်အဝန်းရှိမြေကေပေါ်တွင် တည်ထားခြင်းဖြစ်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအထက် ၉ ပေမြင့်ကာ ရင်ပြင်တော်အကျယ်အဝန်းမှာ အလျား-အနံ ၁၃၃ပေ ၆လက်မစီ ရှိကြောင်း မှတ်သားရသည်။

ကျောက်စိမ်းစေတီတော် တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ အလှူရှင် ဦးစိုးနိုင်က ဤသို့ ရှင်းပြသည်။

ကျောက်စိမ်းစေတီတည်ထားရတဲ့ ရည်ရွယ်ချက် နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်ကတော့ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် သမိုင်းဆိုတဲ့ အထောက်အထားဟာ အရေးကြီးပါတယ်။ သမိုင်းဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့ ကျောက်စိမ်းစေတီကြီးလို ဗုဒ္ဓဘာသာအထိမ်းအမှတ်မျိုးပေါ့။ တကောင်းကစပြီး ခေတ်အဆက်ဆက် စလာခဲ့တာ နောက်ဆုံးကုန်းဘောင် မင်းဆက်အထိ အရင်တုန်းက ပညာရှိတွေက ဗုဒ္ဓဘာသာရဲ့ အထိမ်းအမှတ်တွေကို ထားခဲ့လို့သာလျှင် ဒီနေ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာလို့ ခံယူနိုင်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီခေတ်ဒီကာလမှာလည်း ကျွန်တော်တို့က မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဖြစ်တဲ့သူ တစ်ယောက်က မြန်မာနိုင်ငံမှာ မွေးပြီး ကြီးပြင်းနေထိုင်တယ်။ မြန်မာနိုင်ငံမှာပဲ စီးပွားရှာတယ်။ ဒီကရရှိလာတဲ့ အတွေ့အကြုံ အကျိုးကျေးဇူးတွေကို မြန်မာနိုင်ငံသူ/နိုင်ငံသား၊ ဗုဒ္ဓဘာသာပီသစွာ ဗုဒ္ဓဘာသာအထိမ်းအမှတ်တစ်ခုတော့ ဆောင်ရွက်သင့်တယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ တစ်ထောင့်တစ်နေရာ ပါဝင်ဆောင်ရွက်ရမယ်ဆိုတဲ့ စိတ်ကူးတွေ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅နှစ်ကတည်းက ရှိခဲ့ပါတယ်။ ဒီစေတီတော်ကြီးကို တည်ထားဖို့ အခုမှ အကြံအစည်ရှိတာမဟုတ်ပါဘူး။ ဘယ်လိုအကြံအစည်ရှိခဲ့သလဲဆိုတော့ ကျွန်တော်တို့က အခုလိုပဲ အခြေခံခိုင်ခိုင်မာမာ ဗုဒ္ဓဘာသာအဆောက်အအုံတွေ တည်ထားမဆောက်ခဲ့ဘူးဆိုရင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာအထောက်အထားပြစရာ နောင်တစ်ချိန်မှာ သိပ်ခဲယဉ်းသွားပါလိမ့်မယ်။ အဲဒီအတွက် ရည်ရွယ်ပြီးတော့ ဘုရားတည်ရခြင်းဖြစ်ပါတယ်။ ဘုရားတည်တဲ့အခါမှာလဲ ခိုင်ခိုင်မာမာနဲ့ လျှောင်ဒဏ်လည်း ထိုက်သင့်သလောက်ခံနိုင်အောင်နိုင်ငံတကာနည်းပညာနဲ့ ဘိုးပိုင်တွေ ပွိုင့်ပေါင်း ၆၄ပွိုင့်ရိုက်၊ ပေပေါင်း၆၀ အနက်ထိရိုက် အဲဒီလောက်ကြိုးစားပြီး ခိုင်ခိုင်မာမာတည်ခဲ့ပါတယ်။ ကျွန်တော်ဟာ နှစ်ပေါင်း ၃၀လောက် ကျောက်စိမ်းနဲ့ အသက်မွေးဝမ်း ကျောင်းပြုခဲ့သူတစ်ယောက်ပါ။ ကျောက်စိမ်းတူးသမားဘဝက လာခဲ့တာဆိုတော့ ကျောက်စိမ်းလုပ်ငန်းနဲ့ ထိုက်သင့်သလောက်အောင်မြင်မှုတွေရခဲ့ပါတယ်။ အဲဒီကတည်းက ကျောက်စိမ်းတွေနဲ့ ဘုရားတည်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောက်စိမ်းတွေကို စုဆောင်းလာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပါပြီ။ ကျွန်တော် ကျောက်မျက်ရတနာပြပွဲတွေမှာ ၁၉၉၃ က ၂၀၁၃အထိ နှစ်ပေါင်း၂၀ပြည့်တဲ့ အချိန်မှာ တန်ပေါင်း ၁၅၀၀လောက် ရရှိပါတယ်။ အဲဒီအချိန်မှာ ရွှေရတုကျောက်မျက်ရတနာပြပွဲကို ကျောက်တစ်တုံးမျှ တင်ပြရောင်းချခြင်းမရှိဘဲ ယနေ့ ကျောက်စိမ်းတန်ပေါင်း ၁၃၀၀ခန့်နဲ့ ကျောက်စိမ်းဘုရားကြီးကို နိုင်ငံတော်ရဲ့ခွင့်ပြုချက်နဲ့ တည်ထားခဲ့ခြင်းဖြစ် ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံရဲ့ဂုဏ် ပြည်သူပြည်သားများရဲ့ဂုဏ် နောင်လာနောက်သားတွေ ဂုဏ်ယူဝင့်ကြွားနိုင်အောင် ငွေကြေးအကျပ်အတည်း အခက်အခဲကြားက ဘုရားတည်ခြင်းဖြစ်သလို ဒီဘုရားတည်ဖို့ သိန်းပေါင်း ၅သောင်း ကျော်လောက် ကျွန်တော်တစ်ဦးတည်း အကုန်အကျခံထားပါတယ်။ ဒါတွေကလည်း ခဲရာခဲဆစ် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ကျွန်တော် ငွေပိုငွေလျှံရှိလို့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒုတိယအချက်ဖြစ်တဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သယံဇာတတွေ ပေါကြွယ်ဝတယ်ဆိုတဲ့ စကားလုံးဟာ လူတိုင်းလူတိုင်း ပြောကြပါတယ်။ သယံဇာတတွေပေါကြွယ်ဝတယ်ဆိုပေမယ့် သယံဇာတတွေ ပေါကြွယ်ဝတဲ့အထိမ်းအမှတ်ကို ပြပါဆိုရင် ဘယ်ဟာကိုပြရမလဲ ဘာမှပြစရာမရှိပါဘူး။ မပြနိုင်တဲ့အပြင် သယံဇာတတွေ အရင်တုန်းက လက်နဲ့တူးရတာ အခုကျွန်တော်တို့က စက်အားနဲ့တူးတဲ့အတွက် ခဏလေးနဲ့ကုန်သွားမှာ ဖြစ်ပါတယ်။ ကျောက်စိမ်းက နောင်နှစ်ပေါင်း ၅၀ဆို ကုန်တော့မယ်လို့ ပညာရှင်တွေ ခန့်မှန်းထားပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



**ကျောက်စိမ်းစေတီတော်ကြီး ပြီးစီးနေမှုအား တွေ့ရစဉ်။**

















### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပြည်ထဲရေးဝန်ကြီးဌာန
### တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့

ဖက်စ်အမှတ်-၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၁

### ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ရုံးအမည် | လုပ်ငန်းအမည် |
| --- | --- | --- |
| (က) | တိုင်းဒေသကြီးရုံး | တိုင်းအုပ်ချုပ်ရေးမှူးနေအိမ်(၁)လုံးဆောက်လုပ်ခြင်း |
| (ခ) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း |
| (ဂ) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဃ) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (င) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (စ) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဆ) | တိုင်းဒေသကြီးရုံး | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဇ) | ထားဝယ်ခရိုင် | ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ်+ကားဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း |
| (ဈ) | မြိတ်ခရိုင် | ခရိုင်အုပ်ချုပ်ရေးမှူးနေအိမ်+ကားဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း |
| (ည) | မြိတ်ခရိုင် | ဧည့်ရိပ်သာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဋ) | ကော့သောင်းခရိုင် | ဧည့်ရိပ်သာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဌ) | ရေဖြူမြို့နယ် | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဍ) | လောင်းလုံးမြို့နယ် | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဎ) | သရက်ချောင်းမြို့နယ် | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (ဏ) | တနင်္သာရီမြို့နယ် | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |
| (တ) | ဘုတ်ပြင်းမြို့နယ် | (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးဆောက်လုပ်ခြင်း |

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ကုမ္ပဏီ/ဒေသခံလုပ်ငန်းရှင်ကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင်ကျပ်(၅၀၀၀ိ/-)၊ (၁၀၀၀၀ိ/-) ဖြင့် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ၇-၄-၂၀၁၅ရက်မှ ၂၄-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပြီး ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ထံလိပ်မူ၍ ၂၈-၄-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီထက် နောက်မကျစေဘဲ တင်သွင်းရမည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၄-၅-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၅၉-၂၃၅၆၀၊ ၀၅၉-၂၃၆၀၀၊ ၀၅၉-၂၃၅၆၂၊ ၀၅၉-၂၃၅၆၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းအုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့

# ရွာလူထုနှင့် တိရစ္ဆာန်များ သောက်သုံးရန် ကျေးရွာသုံး သောက်သုံးရေကန် ပြန်လည်တူးဖော်မှု ရာနှုန်းပြည့်ပြီးစီး

**သာစည် မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာမွန်သာကျေးရွာတွင် ကျေးရွာလူထု သောက်သုံးရေနှင့် တိရစ္ဆာန်သောက်သုံးရေရရှိရေးအတွက် ကျေးရွာရပ်မိရပ်ဖ ဦးထွန်း နိုင်ဦးဆောင်၍ ကျေးရွာလူထုက မိမိတို့ကျေးရွာရှိ ရေကန်ကြီးကို ရေဝပ်အားကောင်းမွန်စေရေးအတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကျေးရွာလူထု စုပေါင်းထည့်ဝင်ငွေ ကျပ် ၃၆ သိန်းဖြင့် မြေတူးစက်ကြီးများ ငှားရမ်း၍ ရေဝပ်အားကောင်းလာစေရန် ပြန်လည်တူးဖော်လျက်ရှိရာယခုအခါ တူးဖော်မှုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ပြန်လည်တူးဖော်သည့် ရွာမွန်သာကျေးရွာမှ ရေကန်ကြီးမှာ အလျားပေ ၂၅၀၊ အနံပေ ၂၀၀ ရှိသည့်ရေကန်ကြီးဖြစ်ပြီး ယခင်က ရေဝပ်အားမှာ ၅ ပေရှိခဲ့ရာ ကျေးရွာအိမ်ထောင်စုရှိလူအင်အားဖြင့် သုံးစွဲမှုမှာ မလုံလောက်သောကြောင့် ယခုနှစ်နွေဦးတွင် ပြန်လည်တူးဖော်၍ ကန်ပေါင်ဆင့်ခြင်း၊ ရေဝပ်အားကောင်းစွာရရှိသိုလှောင်နိုင်ရန် အနက်သုံးပေ ထပ်မံ၍တူးဖော်သဖြင့် ယခုအခါ ရေဝပ်အားမှာ ရှစ်ပေရှိသွားပြီဖြစ်သောကြောင့် ကျေးရွာလူထုနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေသုံးစွဲရေးမှာ လုံလောက်မှုရှိသွားပြီဟု သိရသည်။



ရွာမွန်သာကျေးရွာသည် မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး-တာချီလိတ်သွား အဝေးပြေးကားလမ်းမပေါ်တွင် တည်ရှိသော ရွာတစ်ရွာဖြစ်ပြီး အိမ်ထောင်စု ၇၅၀၊ လူဦးရေ ၁၅၀၀ ကျော်ရှိသော ရွာဖြစ်သည်။ ဒေသခံရွာသူ၊ ရွာသားအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်သည်။ မကြာသေးမီလပိုင်းအတွင်းက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိထားသောရွာလည်းဖြစ်သည်။

**မောင်ကို(သာစည်)**

# ကယားပြည်နယ်၌ အပူချိန်မြင့်တက်မှု အလယ်ပိုင်းဒေသနှင့် ထပ်တူရှိနေ

**ဘောလခဲ မေ ၅**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့် အပူချိန်မြင့်တက်လျက်ရှိနေကြောင်း သိရသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဘောလခဲမြို့နယ်အတွင်းတွင် အပူချိန်မှာ 41 H 42 HC အထိ မြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရေနံချောင်း၊ ချောက်၊ စလေတို့နှင့် တူညီလျက်ရှိသည်။

အပူချိန်ကြောင့် ဆောက်ရေးလုပ်သားများ၊ လမ်းတံတားအလုပ်သမားများ၊ တောင်ယာစိုက်ပျိုးရေးအလုပ်သမားများ ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကို ခံစားနေရသည်။ ယင်းအပူချိန်မြင့်တက်မှုကြောင့် မတ် ၂၃ ရက်က ဘောလခဲမြို့တွင်း ကယားပိုင်းရပ်ကွက်နေ ဒေါ်ငဲမိန်း အသက် (၇၅) နှစ်သည် ဘောလခဲ ပွန်ချောင်းဘေးတွင် အဝတ်လျှော်ဖွပ်နေစဉ် အာရုံကြောပြတ်၍ လဲကျပြီး ဆေးရုံအပို့တွင် သေဆုံးသွားခဲ့သည်။

အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရန်အတွက် ပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်ပါအတိုင်း လိုက်နာဆောင်ရွက်နေထိုင်ကြရကြောင်း ဒေသခံများကပြောသည်။

**လှရွှေ(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေးနှင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ကော့ကရိတ် မေ ၅**

သင်္ကြန်ကာလအတွင်း မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေး ဟောပြောပွဲကို ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့ မြို့မရဲစခန်းတွင် မတ် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခင်မောင်စိုး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကိုကို၊ ယာဉ်စည်းကမ်းတာဝန်ခံ ရဲအုပ်ဝင်းမြင့်ထူးတို့က သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းမှ ယာဉ်အန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်တိမ်းမှောက်မှုများအားစိစစ်ရာ မူးယစ်ဆေးဝါးသုံးစွဲ၍ ယာဉ်မောင်းနှင်ခြင်း ကြောင့် တိမ်းမှောက်မှုများဖြစ်ပွားခဲ့ကြောင်းကို ဥပမာများဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာသူများအား ယာဉ်ထိန်းများမှ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**စိုးထက်အောင်(ကော့ကရိတ်)**

# သာသနာ့နုဂ္ဂဟအသင်းက စီစဉ်ကျင်းပသည့် ဒုတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် မေ ၅**

အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်း ဂန္ဓဝင်ဆောင်အောက်ဆုံးထပ်၌ ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းမှဦးဆောင်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းက စီစဉ်ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးသောင်းကြည်ကဆောင်ရွက်ပြီး မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌဆရာတော်ထံမှ ရှစ်ပါးသီလခံယူကာ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်း အလုပ်အမှုဆောင် ဦးမျိုးအောင်တို့က သာသနာရေးရာများလျှောက်ထားကြပြီး မြောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက ကျေးဇူးတင်ကြောင်းပြောသည်။

အလှူရှင်များစာရင်းကိုကြေညာ၍ မြောက်ပိုင်းခရိုင်အတွင်းရှိ စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းစုစုပေါင်း ၄၀ တို့ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးများကို ကျောင်းများအလိုက်လှူဒါန်းဆက်ကပ်ကြကာ အလှူရှင်တစ်ဦးချင်းစီအားတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။ အဆိုပါ ဒုတိယအကြိမ်လှူဒါန်းပွဲ တွင် ဆရာတော်၊ သံဃာတော်များအား စုစုပေါင်း ငွေကျပ် ၁၀၄၄၂၈၀၀ ပါဝင်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားတော်ကို အင်းစိန်မြို့နယ် ဇေယျာသိဒ္ဓိကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးကုမာရထံမှ ရေစက်ချတရားနာယူခဲ့ကြသည်။

**(၆၈၄)**


## မြောင်းမြဆရာအတတ်သင် မြတ်ဆရာပူဇော်ပွဲ

(၁၉၇၃-၇၄) (၁၉၇၄-၇၅) ကျောင်းဆင်းများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၁-၅-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီထိ ကမ္ဘာအေးစေတီတော်၊ ဂေါပကအဖွဲ့ရုံး ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ဦးစိုးသိန်း ဖုန်း-၀၉-၂၅၀၀၁၃၆၂၆၊

ဦးလှဋ္ဌေး ဖုန်း-၀၉-၇၉၄၃၃၀၁၇၀၊ ဦးလွင်ပင် ဖုန်း-၀၉-၇၃၀၁၀၃၈၉








## စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အိတ်သွတ်ပြီး ယူရီးယားဓာတ်မြေဩဇာများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်း လျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ) ၈၀၀၀တန်(ရှစ်ထောင်)တန်

(ခ) အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်) ၈၀၀၀တန် (ရှစ်ထောင်)တန်

၂။ တင်ဒါစည်းကမ်းချက်များကို ၇-၄-၂၀၁၅ရက်မှ ၂၇-၄-၂၀၁၅ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၈-၄-၂၀၁၅ ရက် ၁၂း၀၀ နာရီထိ တင်သွင်းရန်နှင့် ယင်းနေ့ ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့် ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည် ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ကုန်ထုတ်လုပ်မှုဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၆၇-၄၁၁၁၉၆၊ ၀၆၇-၄၁၁၁၀၇



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော် ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ ဒေသန္တရရေနံချက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူ နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပိုင် အဖွဲ့အစည်းများသည် အောက်ပါအချက်များဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူ၏ အမည်၊ အဖအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရမည့်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်။

(ခ) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊

(ဂ) ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း တည်နေရာ၊ ပိုင်ဆိုင်မှုအထောက်အထား၊

(ဃ) ၎င်းလုပ်ငန်း၏ ၂၄ နာရီလျှင် ချက်လုပ်နိုင်မည့် အနည်းဆုံး ရေနံစိမ်းဂါလန် ၁၀၀၀မှ အများဆုံး ဂါလန် ၂၅၀၀အတွင်းရှိသည့် ချက်လုပ်မှုစွမ်းရည် (Design Capacity)၊ ချက်လုပ်မည့်နည်းစဉ်၊ အသေးစိတ်ဒီဇိုင်းပုံ၊ ၎င်း၏အကွက်ချပုံ (Layout Plan)၊ ထွက်ရှိမည့် ချက်ဆီအမျိုးအစားနှင့်ပမာဏ၊ အသုံးပြုမည့် လောင်စာဆီအမျိုးအစား၊

(င) ဤလုပ်ငန်းဆောင်ရွက်ရန်ကုန်ကြမ်း(ရေနံစိမ်း)ကို တရားဝင်လက်ယက်တွင်း လုပ်ကိုင်ခွင့်ရရှိသူထံမှသာ ရယူရမည်ဖြစ်ပြီး ၎င်းကုန်ကြမ်းရယူမည့် လက်ယက်တွင်း၊ ဒေသနှင့်ပမာဏ၊ ကုန်ကြမ်းနှင့် ကုန်ချောသိုလှောင်ကန်အမျိုးအစား၊ ကုန်ချောဖြန့်ဖြူးမည့် အစီအစဉ်နှင့်ဒေသ၊

၂။ ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်း၏ လောင်စာသုံးစွဲခြင်း၊ ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ညွှန်ကြားချက်များနှင့်အညီ စီမံဆောင်ရွက်ရမည်။

၃။ မိမိပိုင်ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့်ချက်ဆီများ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် စိစစ်၍ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်(လိုင်စင်)အား ထုတ်ပေးရေးဆောင်ရွက်မည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊
ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၀

၅။ လျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာများကို အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍ ပေးပို့တင်ပြရန် ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်-၆၊ နေပြည်တော်
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်-၆၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၆၀



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပုသိမ်တက္ကသိုလ် ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(PhD)သင်တန်းကို အဏုဇီဝဗေဒအထူးပြုဘာသာရပ်ဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၂။ ပါရဂူဘွဲ့(PhD)သင်တန်း တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၅ခုနှစ်၊ ဇွန်လ ၁ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်တစ်နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူ ဖြစ်ရမည်။

(ခ) ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်သုံးနာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကို သာလက်ခံမည်

(ဂ) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

(ဃ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုဖြင့် မဟာသုတေသနဘွဲ့ရရှိထားသည့် ကျောင်းသား၊ ကျောင်းသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သော သုတေသနကျမ်းအကျဉ်းချုပ်နှင့်ပါရဂူဘွဲ့သင်တန်းတွင်ဆောက်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက်[ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃)မျက်နှာထက် မပိုသော]ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(င) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သရုပ်ပြဖြစ်ပါက သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ်အနည်းဆုံးရှိရမည်။

(စ) ပုသိမ်တက္ကသိုလ် စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၉-၅-၂၀၁၅ ရက် (အင်္ဂါနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

(ဆ) လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် Ph.Dသင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(၁) ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) ၉နာရီမှ ၁၂နာရီ သက်ဆိုင်ရာဘာသာရပ်

(၂) ၂၂-၅-၂၀၁၅ရက် (သောကြာနေ့)၉နာရီမှ ၁၂နာရီ အင်္ဂလိပ်စာဘာသာရပ်

(ဇ) ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၃၁-၅- ၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် လူတွေ့စစ်ဆေးမည်

(ဈ) အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း(ဖုန်း-၀၉-၇၃၆၅၀၈၈၂)ထံတွင် လည်းကောင်းစုံစမ်းနိုင် ပါသည်။

မော်ကွန်းထိန်း၊ ပုသိမ်တက္ကသိုလ်

# လယ်ဧက ၇၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်ပေးမည့် တာပွန်တူးမြောင်းပြန်လည်တူးဖော်



**နတ်တလင်း ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တာပွန်တူးမြောင်း တိမ်ကောနေမှုအား တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစပ်ခွန်းဦးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာအုပ်စုအပါအဝင် တူးမြောင်းအောက်ဘက်ကျတဲ့ လယ်မြေအားလုံး စပါးသီးနှံပင်တွေ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ခံကြရတယ်။ တူးမြောင်းကကောနေတော့ ရေစီးရေလာမကောင်းဘူး။ ရေနုတ်အားမကောင်းတော့ ရေကတော်တော်နဲ့ကျမသွားဘူး။ လယ်သမားတွေ သီးနှံပင်တွေပျက်စီးပြီး စီးပွားရေးမှာ ဒုက္ခရောက်ရတယ်။ ကြို့လေးပင်ရွာတစ်ဝိုက်နဲ့ ကန်တစ်ရာကွင်းဘက်မှာဆိုရင် လယ်ကွင်းတွေထဲကြည့်လိုက်ရင် မြစ်ပြင်ကြီးကျနေတာပဲ။ တတ်အားသမျှ ရေမြောင်းတွေလိုက်ဖွင့်ခြင်း၊ ဖောက်ခြင်းတွေကို လယ်သမားတွေ ဝိုင်းဝန်းလုပ်ကြသော်လည်း ထိရောက်မှုသိပ်မရှိလှဘူး။

သီးနှံပင်တွေ အပင်အားကောင်းလာပြီဆိုရင်ရေကကြီးပြီ။ ရေကြီးပြန်တော့လည်းတော်တော်နဲ့ရေကမကျပြန်ဘူး။ ဒီတော့ကျွန်တော်တို့ လယ်သမားတွေစားဝတ်နေရေးကျပ်တည်းရတယ်။ နှစ်စဉ်နှစ်တိုင်းစီးပွားရေးထိခိုက်နေရတယ်။ အခုလို တာပွန်တူးမြောင်းကို ပြန်လည်တူးဖော်ပေးခြင်းအားဖြင့်လာ မယ့်နှစ် စပါးသီးနှံပင်တွေရေကြီး နစ်မြုပ်မှုဘေးကလွတ်ကင်းပြီး စီးပွားရေးပိုမိုအဆင်ပြေသွားတော့မှာ ဖြစ်တယ်"ဟု ယင်းဒေသတွင် နေထိုင်သူ လယ်သမားကြီးဦးမြင့်ကြွယ်က ပြောသည်။

တာပွန်တူးမြောင်း ပြန်လည်တူးဖော်ပေးခြင်းကို ကုန်းသာရွာ၊ ကြို့လေးပင်ရွာ၊ ဆင်သေကုန်းရွာ၊ ကတက်ကုန်းရွာ၊ ပျဉ်းမကုန်းရွာ၊ တောင်ယာတောရွာ၊ ကြို့ပင်အင်းရွာစတဲ့ ကျေးရွာများရှိ လယ်မြေ ဧက ၇၀၀၀ ကျော်ကို နှစ်စဉ်ရေကြီးနစ်မြုပ်ခြင်းဘေးမှ လွတ်ကင်းစေရန် မိုးမကျမီပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ဝ၇၁)**

# မိုးတွင်းချောင်းရေမတက်မီ ဓမ္မာရုံချောင်းတံတား အပြီးတည်ဆောက်

**တွံတေး ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုန်းပင်ချောင်းကျေးရွာနှင့် ငွေပန်းစုကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဓမ္မာရုံချောင်းတံတားကို တွံတေးတူးမြောင်းမှရေမလာမီ ဆောက်လုပ်ပြီးစီးရန်ဆောင်ရွက်ခဲ့ကြောင်း တံတားဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးထံမှ သိရသည်။

အဆိုပါတံတားကို အုန်းပင်ချောင်းကျေးရွာရှိ အလှူရှင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ဘိလပ်မြေအိတ် ၅၀လှူဒါန်းခဲ့ပြီး စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ဖြင့် ၂၀၁၅ခုနှစ် ဇန်နဝါရီမှစတင်ဆောက်လုပ်ခဲ့ရာ တံတားအရှည်ပေ၇၀၊ အကျယ် ၁၈ ပေခြောက်လက်မ၊အမြင့် ၉ ပေရှိပြီး တံတားအမျိုးအစားမှာသံကူကွန်ကရစ်ဘိုးပိုင်တံတားဖြစ်ပြီး ခံနိုင်ဝန်တန် ၂၀ ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အုန်းပင်ချောင်းကျေးရွာဟာ ချောင်းတွေထဲကို တူးမြောင်းရေဝင်လာပြီဆိုရင် ခရီးသွားလာရတာ အခက်အခဲဖြစ်ပါတယ်။ အခုဆိုရင် တွံတေးတူးမြောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာများဖြစ်တဲ့ ရှမ်းစုလေး၊ အုန်းပင်ချောင်း၊ ငွေပန်းစု၊ ရွှေလှေချောင်(တွံ)၊ တမွတ်၊ အမ္ဗတီ၊ ကြံလမု၊ ကျေးရွာများသို့ အရှည်မိုင် ၈ မိုင် ၃ ဖာလုံမြေသားလမ်းဖောက်လုပ်ပြီးစီးသွားပြီးဖြစ်လို့ ကျေးလက်နေပြည်သူတို့၏ လူမှုရေး စီးပွားရေးများအမှန်ဖွံ့ဖြိုးလာပါပြီ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။ **မျိုးလှိုင်(တွံတေး)**

# အခြေခံ မော်တာစက်ချုပ်သင်တန်း ဖွင့်ပွဲပြုလုပ်

**မြစ်ကြီးနား ဧပြီ ၅**

မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျုံးလျန်ဗွိုင်း တက်ရောက်၍အမှာစကားပြောကြားသည်။

သင်တန်းကာလ တစ်လကြာဖွင့်လှစ်မည့် အဆိုပါသင်တန်းသို့ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့မှ သင်တန်းသူ ၃၀ တက်ရောက်ကြမည်ဖြစ်ပြီး မြစ်ကြီးနားမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်အုန်း၊ သင်တန်းမှူး ဒေါ်အယ်နီနှင့် နည်းပြဆရာမများက လျှပ်စစ်မော်တာသုံး အပ်ချုပ်စက်များဖြင့် အခြေခံစက်ချုပ်ပညာရပ်အမျိုးမျိုးကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(၄၉၉)**

# မြဝတီတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မြဝတီ ဧပြီ ၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် NRC တို့ပူးပေါင်းပြီး မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် တောရကျောင်းပရိယတ္တိစာသင်တိုက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲအခမ်းအနားကို မတ် ၃၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏အခွင့်အရေးများကို အပြည့်အဝလုပ်ဆောင်သည့်အချိန်၌တရားဥပဒေစိုးမိုးရေးက အရေးကြီးကြောင်း၊ ယခုလို နိုင်ငံသားစိစစ်ရေးကတ်ပြားများလုပ်ပေးနေခြင်းသည် နိုင်ငံသားများ၏ အခွင့်အရေးကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်များကိုရအောင်ယူပြီး နိုင်ငံသားတစ်ယောက်၏ တာဝန်များကိုလည်း လေးစားလိုက်နာရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းဇော်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အသုံးဝင်ပုံနှင့် ကိုင်ဆောင်သူများလိုက်နာရမည့် အချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနေ့က ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကဒေသခံ ၁၄၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

Your Travel
သင်္ကြန်ခရီးစဉ်များ
01-223180 / 09-31679777 / 09-253634845
ပုဂံဘုရားဖူးခရီးစဉ်
Thiripyitsaya Sanctuary Resort
April 12-16 ၁၈၅၀၀၀ ကျပ်
မန္တလေး-ပုံရွာ-ပြင်ဦးလွင်ခရီးစဉ်
Scania Car
April 12-16 ၁၇၅၀၀၀ ကျပ်
တောင်ကြီး/အင်းလေး ခရီးစဉ်
Scania Car
April 12-16 ၁၇၅၀၀၀ ကျပ်

သရဖူ မဂ္ဂဇင်း ထွက်ပြီ
၂၀၁၅၊ မေလ
အတွဲ(၁၅)အမှတ်(၅)

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm



ကြော်ငြာ


**UNIQUE STAR TRAVELS**

| | |
|---|---|
| ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900) | အမေရိကား Apr:8 ($4400) |
| သြစတြေးလျ Apr:11,12 ($ 3400) | |
| ဟောင်ကောင်၊မကာအို Apr:12 ($ 1900) | ပေကျင်း+ရှန်ဟိုင်း+ဟောင်ကောင် Apr:11,12 ($ 1900) |
| ကိုရီးယား Apr:11,12 ($ 2300) | ဂျပန် Apr:9,10,11,12,13 ($ 2300) |
| ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300) | စင်ကာပူ၊မလေးရှား Apr:13 ($ 1300) |

(6)D [ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Apr:10,11,12,13,14,17, 25/ May: 2, 9, 16, 23, 30 ($300)

(6)D [ PhiPhi / James Bond Island, Fantasy Show ] Apr : 11, 12, 13, 14 / May: 2, 16, 30 ($500)

(6)D Apr: 11 / May: 2 , 30 ($500)

(8)D Apr: 11 / May : 2 ($700)

(4)D Apr: 10, 11, 12, 13, 18 / May: 30 ($300)

(4)D Apr: 13,14 / May : 2, 16, 30 ($300)

(6) Apr: 11,12 / May:30 ($400)

70/A.Kabaaye Pagoda Rd,Bahan.8604964, 8604965, 8604966, 708353, 705723, 0973109133, 0973109144, 0973109155, 0973109166

**UNIQUE** TRAVELS & TOURS CO., LTD.

| | | |
|---|---|---|
| တောင်ကြီး | Apr: 11,12,13,18 | (185,000) |
| ပုဂံ၊တောင်ကြီး | Apr: 12 | (250,000) |
| ပုဂံ(စွယ်တော်လေးဆူ) | Apr: 12,13 | (185,000) |
| ပုဂံ၊မန္တလေး | Apr: 12,13 | (185,000) |
| ပုဂံ၊ရွှေစက်တော် | Apr: 12,13 | (185,000) |
| ချောင်းသာ | Apr:8 (Hotel Max) | (90,000) |
| ငပလီ | Daily (Merciel Hotel & Resort) | (280,000) |
| ငွေဆောင် | Daily | (80,000) |


## စစ်တက္ကသိုလ် အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်း (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား အလှူတော်မင်္ဂလာနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

အမှတ်စဉ်(၄၁) ဗိုလ်လောင်းသင်တန်းသည် အမိ စစ်တက္ကသိုလ်တွင် လေးနှစ်လေးမိုး ပညာရည်နို့သောက်စို့ခဲ့ပြီး တိုင်းပြည်တာဝန် အသီးသီးကို ထမ်းဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ရက်တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ (၁၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ကျောင်းဆင်းသူငယ်ချင်းများမှ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော သူငယ်ချင်းများအတွက် ရည်စူး၍ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးရှိ လှူဒါန်းထားသောကျောက်ဆင်းတုတော်ဘုရားအား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်းနှင့် မိတ်ဆုံညစာစားပွဲ ပြုလုပ်မည်ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းများမိသားစုနှင့်တကွ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာအစီအစဉ်-**

| | |
|---|---|
| မင်္ဂလာနေ့ရက် | - (၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ရက်)<br>၂၀၁၅ ခုနှစ်၊ ဧပြီလ ၇ရက် |
| မင်္ဂလာအချိန် | - နံနက် ၁၀း၀၀ မှ ၁၂း၀၀နာရီအထိ |
| မင်္ဂလာနေရာ | - ဗိုလ်တထောင်စေတီတော်ဓမ္မာရုံ |

**ညစာစားပွဲ အစီအစဉ်**

၇-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည ၇း၀၀နာရီမှ ည ၁၀း၀၀နာရီအထိ၊ မြရိပ်ညိုဟိုတယ်မြက်ခင်းပြင်တွင် မိတ်ဆုံစားပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။


**Y.E.S.** Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

| | |
|---|---|
| **Basic Spoken English** | |
| Mon to Thurs-1:00-3:00-5:00pm | 27Apr |
| Mon to Thurs-5:30-7:00 pm | 27Apr |
| Mon to Thurs-10:00-12:00 am | 27Apr |
| Sat & Sun - 12:30-3:30 pm | 25Apr |
| Sat & Sun -3:45-6:45 pm | 25Apr |
| **Pre-Intermediate English** | |
| Mon to Thurs-10:00-12:00 am | 27Apr |
| Mon to Thurs-1:00-3:00 pm | 27Apr |
| Mon toThurs 5:00-7:00 pm | 27Apr |
| Mon toThurs 10:30-12:30 am | 11 May |
| **Vocabulary Enrichment Course** | |
| Sat & Sun - 10:00-12:00 am | 25 Apr |
| **Grammar Foundation Course** | |
| Mon to Thurs - 1:00-2:30 pm | 27Apr |
| Mon to Thurs-10:00-12:00 am | 27Apr |
| **Structure & Written Expression** | |
| Sat & Sun - 12:30-3:30-6:30pm | 25 Apr |
| Mon to Thurs-1:00-3:00pm | 27 Apr |
| Mon to Thurs-5:30-7:00pm | 27 Apr |
| Mon to Thurs-3:00-4:30pm | 27 Apr |
| Mon to Thurs-4:30-6:00pm | 27 Apr |
| **Basic Writing Course** | |
| Sat & Sun - 12:30-3:30 pm | 25 Apr |
| Sat & Sun - 3:45-6:45 pm | 25 Apr |
| Mon to Thurs-10:00-12:00am | 27 Apr |
| Mon to Thurs-3:00-4:30pm | 27 Apr |

TOEFL,IELTS,SAT,API,AWC,IE

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 240910

ပိုးထည်တိုက်
သင်္ကြန်နှင့်နှစ်သစ်ကူး အကြီးအကျယ် ဈေးရောင်းပွဲတော်
(1.4.2015) ~ (7.4.2015)
up to 50%

AKK SHOPPING CENTRE
Your Store . Your Place
ကျပ် ၃၀၀၀၀ ဖိုးနှင့် အထက် ဝယ်ယူအားပေးသူတိုင်းအတွက် ကံစမ်းမဲအထူးအစီအစဉ်
SPECIAL LUCKY DRAW
1st Anniversary
23rd March - 31st May, 2015



Lucky Draw Opening - 31st May, 2015
Ph: 01-566050, 8551483, 562142

PUN HLAING HOSPITAL
မြန်မာ့နှစ်သစ်ကူးအထူးအစီအစဉ်
ပန်းလှိုင်ဆေးရုံကြီးနှင့်ပန်းလှိုင်ဆေးခန်းတို့တွင် ... ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
April 1st ~ 30th Only
facebook Pun Hlaing Hospital
ဆက်သွယ်ရန် - (၀၁) ၆၈၄ ၃၁၂၊ ၆၈၄ ၃၁၅၊ ၆၈၄ ၃၃၆၊ ၂၄၃ ၀၁၀၊ (၀၉) ၄၂၁၀ ၄၂၆၇၉
Email : marketing-phih@spa-mm.com

ကြော်ငြာ

## (၃၅)နှစ်ပြည့်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးကျော်ဝင်းနှင့် ချစ်မေမေ ဒေါ်သန်းသန်းငွေးတို့၏ ၆-၄-၂၀၁၅ရက်တွင် ကျရောက်သော (၃၅)နှစ်ပြည့် "ကျောက်စိမ်းရတု" မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် လောကီလောကုတ္တရာအကျိုးနှစ်ဖြာကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

သားကြီး - ကိုကျော်ဇေလတ်(**Co-founder, iNnowave IT Solutions**)-
မစုမြတ်အောင်(**Manager, Kanematsu Coporation**)
သမီးလတ် - ဗိုလ်မှူး မျိုးသန်းထွန်း-မသဥ္ဇာညိမ်း
သမီးငယ် - ဒေါက်တာ ရွှန်းလဲ့ညိမ်း(**M.B.,B.S**)
ချစ်မြေး - မောင်အောင်မြတ်ဇေ


ရွှေပုံသား သင်္ကြန်အထူးခရီးစဉ်များ
Apr-11
Apr-12
ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
Ph:09-425334456, 09-49578205, 09-49323965, 09-250233599


## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့် စာချုပ်ပျောက်ဆုံးခဲ့ပြီး အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးလှမြင့် [၁၂/အစန(နိုင်)၀၃၉၁၅၅](က-စ) ဦးငွေးရင် [၁၂/ရကန(နိုင်)၀၆၂၀၀၆](မှ) | ဒေါ်သိန်းရီ [၁၂/အစန(နိုင်)၀၅၆၂၃၆] | တိုက်အမှတ်(ဘီ)၊ အခန်း(၁၀-၀၁)၊ မင်းဓမ္မ အဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)


ဧဝတာနာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
သင်္ကြန်ခရီးစဉ်များ Apr 12, 13, 17, 18 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းပြီ။
✣ရွှေစက်တော်(၄)ရက် ✣ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး(၅)ရက် ✣ရွှေစက်တော်၊ အလောင်းတော်(၅)ရက်
✣ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါးနှင့်ဆက်၍ (တောင်ကြီးသင်္ကြန် / မန်းသင်္ကြန်)..... (၈)ရက် / (၁၁)ရက်
✣မန်းသင်္ကြန်(၅)ရက် ✣တောင်ကြီးသင်္ကြန်(၅)ရက် ✣ဆက်၍ လွိုင်ကော်-တောင်ကွဲစေတီ(၆)ရက်
✣ပုဂံ-ညောင်ဦး၊ ပုပ္ပါး(၄)ရက် ✣ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၄)ရက် ကားမျိုးစုံစီးလုံး ငှားရမ်းနိုင်ပါသည်
✣ထားဝယ် - ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကျိုက္ကဒမီ၊ စက်စဲ ...... (၆)ရက်
အဆင့်မြင့်ခရီးစဉ်Hotel တည်း Restaurant စား ၊ အဆင့်မြင့် ကားသစ်ကြီးများဖြင့်
✣ပုဂံ-ညောင်ဦး(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၄)ရက် (Apr 13) 140000 (Apr 18) 120000
၂၈၀ဃ-ထပ်ခိုး၃၉လမ်း(အထက်)392704, 09 50 66657, 09 73017110


## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းအတွက် လိုအပ် သော ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်း နိုင်ပါသည်။

ပဲခူးမြို့ရေပေးရေး ပင်မရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းလုပ်ငန်း

| Sr No | Name of Work | Component | Lot No |
|---|---|---|---|
| 1. | Lot 1(Pipe & Accessories) From Kandawgyi Reservoir to Maekhong pump station Replacement of water main pipe line project (PVC Class Related) | 14"ø,12"ø PVC(C1;13.5), 18"ø,14"ø,12"øPVC Valve Socket & Elbow, Other Accessories | Lot1.1 |
| 2. | From Kandawgyi Reservoir to Maekhong pump station Replacement of water main pipe line project (GI Class Related) | 20"ø,18"ø,14"ø,12"ø GIPipe 18"ø,14"ø,12"ø GI Flange,Gate Valve, Air Valve, Flow Meter and Other Accessories | Lot1.2 |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၃၀-၄-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၃၀-၄-၂၀၁၅ရက် ၁၃း၀၀နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၃-၄-၂၀၁၅ရက်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန


GL အဆင့်မြင့်ခရီးသွားလုပ်ငန်း
*ပြည်အကောက်တောင်(နေ့ချင်းပြန်) Apr 13,16
*တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော Apr 13
*မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊ကဿပ Apr 12
*ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင် Apr 12
*ထားဝယ်၊ကန်ချနာဘုရား၊မောင်းမကန်ကမ်းခြေ Apr 12
*ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ Apr 12
*ချင်းပြည်နယ်(နတ်မတောင်)၊ပခုက္ကူ Apr 12
*ကျိုက်ထီးရိုး၊မော်လမြိုင်၊ကျိုက္ကမီ၊စက်စဲ Apr 12
*မန္တလေး၊စစ်ကိုင်း၊မင်းကွန်း၊မိုးကုတ် Apr 12
အမှတ်(၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
09 73040050, 09 73040051, 09 73040052
09 5136466, 09 8636466, 09 73040053

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
ချောင်းသာ(သင်္ကြန်) Guest Package | ကျိုက်ထီးရိုး (နေ့စဉ်)
ငွေဆောင် (သင်္ကြန်) Hotel + ကားခ | ချောင်းသာ (နေ့စဉ်) 35000 Guest Package
သင်္ကြန် (ငွေဆောင်/ချောင်းသာ- Hotel / Guest အခန်းစီစဉ်ပေးသည်။) | ငွေဆောင် (နေ့စဉ်) 68000 Hotel (2) Night
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

ယဉ်ယဉ်မိသားစု သင်္ကြန်အဆင့်မြင့်အထူးခရီးစဉ်
ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖာပွန်
(စရိတ်ငြိမ်း ၂၀၀၀၀ဝိ/ကျပ် Hotel အိပ်၊ Hotel စား)
ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ
ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

အင်းလေးချစ်သူ (Travels & Tours)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
✡ အင်းလေးချစ်သူ၏ ရာသီသစ် ခရီးစဉ်များ
တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ထမ်ဆမ်၊ ကက္ကူ (Hotel~2N) (Apr-18/30-May-15) 119,000/-
ပုပ္ပါး ပုဂံ စွယ်တော်လေးဆူ၊ ပြည်-မှ-ပြည်၊ ပခုက္ကူ (Hotel~2N) (Apr-24/30) 109,000/-
မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း အင်းဝ (Hotel~2N) (Apr-24) 109,000/-
Ph : 09421030814, 09250092602, 095010851





ရေဝတီဘဏ်
AYA Bank
နှစ်ဟောင်းကုန်လို့
နှစ်သစ်ကူးချိန်
တန်ခူးကာလ
ဤအချိန်ဝယ်
မြန်ပြည်သားပေါင်း
ကျန်းမာချမ်းသာ
ဘေးရန်ကွာ၍
စီးပွားလူမှု
တိုးတက်စေပြီး
ငြိမ်းချမ်းမှုပေါင်း
ခညောင်းပါစေ
ဆုမွန်လည်းခြွေ
မေတ္တာလည်းဝေ
ရေဝတီဘဏ်၏
နှစ်သစ်လက်ဆောင်

NEW MOTION Travels & Tours

ရွှေ့ပြောင်းသင်္ကြန် ခရီးစဉ်

- ပုဂံ - April; 12,13, 30
- မိုးကုတ် - April; 13
- မန္တလေး - April; 14, 30
- ပုဂံ-တောင်ကြီး - April; 11,12
- တောင်ကြီး - April; 30

ငွေဆောင်ချိုင်း - April - 13~15 / April - 15~17
( Myanmar Treasure Resort , Aureum Resort & Spa )

အမှတ်-16 ကျွန်းတောလမ်း Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 4925 2922.

POPULAR STAR Travel & Services
Find us on Facebook

တောင်ကြီး – အင်းလေး – ပင်းတယ
ကလော – ထမ်ဆမ်း – ရွှေတော်ကဏ္ဍ
Apr 11,12,13,17 - 190000 ကျပ်
Apr 30 - 130000 ကျပ်

မန္တလေး – ပင်းကျွန်း
ပြင်ဦးလွင် – စစ်ကိုင်း
Apr 12 - 150000 ကျပ်

Scania (2+2) Bus, 3 Stars Hotel, Restaurants

Ph : 01 2301866 , 09 5129134, 09 799676523



GETC
ခမြိုနိုကျူနီ 537895, 502775
ဓာတခေမ္ဘူ 549590, 09254148006
www.getc-languageschool.com
Thingyan Promotion 25 % OFF in April! Enroll Now!

"စိန်ရွှေပွား" အထည်အလိပ်မျိုးစုံရောင်းဝယ်ရေး
*ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းသုံး အိပ်ရာခင်း ၁၀၀% ချည်သားဖြူမျိုးစုံ
*Heart to Heart® အရည်အသွေးမြင့် ချည်အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ဖက်လုံး
*ရွှေမောင်နှံ® ခန်းဆီးလိုက်ကာ{မြန်မာပြည်တွင်ဂုဏ်ယူစွာ ချုပ်လုပ်သည်}
ဝယ်ယူအားပေးသူမိဘပြည်သူများ စိန်ရွှေ ရတနာဒီရေအလားတိုး ပွား ကြပါစေ။
အမှတ် (၁၅၄/၁၅၆)မြေညီထပ်၊ ဗညားဒလလမ်း၊ မင်္ဂလာဈေးမီးပွိုင့်အနီး
ဖုန်း -၂၀ ၆၀ ၆၂၊ ၂၀၆ ၂၃၄၊ - ၀၉ ၅၀ ၂၂ ၆၀၃၊ ၀၉ ၈၆ ၁၇ ၁၉၈

# လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

Premium Home Co., Ltd ၏ ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်နေ့ အမှတ် (၁၂၅) လမ်း ၃၀၊ ၆၅-၆၆ လမ်းတွင် GROHE SHOWROOM – Mandalay (Luxury Bathroom Fittings) ဆိုင်ခွဲ အား အောင်မြင်စွာ ဖွင့်လှစ်နိုင် ခြင်းအတွက် လိုက်လိုက်လှဲလှဲ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း နှင့် နောင်နှစ်ပေါင်းများစွာ တိုင်အောင် တိုးတက် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Kempinski Hotel Nay Pyi Taw – Kempinski Hotel, Nay Pyi Taw

PRO-1 HOME MART Yangon & Mandalay

JEWELLERY LUCK Construction CO., LTD.

ROYAL MODERN FUNITURE

Skywalk Shopping Mall – Skywalk Shopping Mall

LOTUS – ROYAL MYANMAR COMPANY CO.,LTD.

SIG – SHWE INGYINN HOTEL

မြန်မာမန္တလေးကုမ္ပဏီလီမိတက်၊ မန်းမြန်မာဆောက်လုပ်ရေး
ဦးသိန်းဇော် TZ Construction, Mandalay
Aerial Co., Ltd, Mandalay
Amazing Holidays Hotel & Resort
Diamond Rise Business Hotel, Mandalay
Mother Trading Co., Ltd, Mandalay
Happy Home အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ မန္တလေး
သိရီ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ မန္တလေး
ဒေါင်းဖန်း အိမ်အလှဆင်ပစ္စည်း အရောင်းခန်းမ၊ မန္တလေး

Asia Express Co., Ltd, Yangon
Hotel M Management Co., Ltd
United Plaza Home Mart, Yangon
Shwe Myitta Home Mart, Yangon
ကိုဉာဏ်ထွန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ ရန်ကုန်
ပြည်သင်းကျော် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ ရန်ကုန်
အာရု ထိပ်တန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ ရန်ကုန်
707 အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး၊ ရန်ကုန်

**99 CONDO တိုက်ခန်းငှားမည်**
ပေ (24×48) ပထမထပ်တိုက်ခန်းငှားမည်။
Phone,internet, aircon,carparking,lift,
ကြွေပြားခင်းပါဝင်သည်။
(CB Bank မျက်စောင်းထိုး၊ ဝိဇယဘဏ်ခွဲအနီး)
**Ph:0973072141, 09421069433,0932591717**

**ဆုပြည့်** 09-31815390,09-792432296 09-31815395,09-792298138
သင်္ကြန်ပိတ်ရက်အထူးအစီအစဉ်(၅)ရက်ခရီး:Apr 12(ဖိုတယ်၊စား၊တဆင့်သွားပါ)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကုံလုံ၊ကလော(ငြိမ်း) ၁၅၀,၀၀၀/
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(ငြိမ်း) ၁၆၀,၀၀၀/
ချောင်းသာ(၂ည၊၃ရက်)-၁၂၀,၀၀၀/- (Guest House) Apr 13
ငွေဆောင်(၂ည၊၃ရက်)-၁၅၀,၀၀၀/-(Hotel) Apr 14
ကြိုတင်လက်မှတ်
မိသားစု၊အသင်းအဖွဲ့၊ကုမ္ပဏီများအတွက်ဈေးနှုန်းသက်သာစွာဖြင့် ကားမျိုးစုံ စီးလုံးငှားသည်။

**အလင်းရောင်** 09421061860,421099405,421129597
မဟာသင်္ကြန်အတွက်အထင်မြင့်ဆုံးခရီးသွားလုပ်ငန်း
www.alinyaungtravels.com
Yutong, Kinglong, Japan ကားကြီးများဖြင့် - Apr 3/12/17 ထွက်မည်

| | | | |
|---|---|---|---|
| ရွှေစက်တော်၊ အကောက်တောင် (ငြိမ်း) | 45000 | | |
| ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး (ငြိမ်း) | 70000 | + မန္တလေး၊ မေမြို့၊ မုံရွာ၊ စစ်ကိုင်း (ငြိမ်း) | 70000 |
| ရွှေစက်တော်၊ ပုဂံ၊ တောင်ကြီး (ငြိမ်း) | 95000 | + တောင်ကြီး၊အင်းလေး၊ပင်းတယ (ငြိမ်း) | 70000 |
| ရွှေစက်တော်၊ အလောင်းတော် (ငြိမ်း) | 70000 | + တောင်ကြီး၊အင်းလေး၊လျှိုင်ကော်(ငြိမ်း) | 90000 |
| ရွှေစက်တော်၊ပုဂံ၊မန္တလေး၊မေမြို့ (ငြိမ်း) | 95000 | + ထားဝယ်၊ ရှင်ကိုးရှင်၊ မော်လမြိုင် (ငြိမ်း) | 90000 |
| ပုဂံ၊ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး (ငြိမ်း) | 80000 | + ရှင်ကိုးရှင်၊မောင်းမကန်၊ကန်ချူနာပူရီ | 250000 |
| ပုဂံ၊ပုပ္ပါး၊မန္တလေး ၊မေမြို့ (ငြိမ်း) | 80000 | + မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (ငြိမ်း) | 100000 |
| တောင်ကြီး၊အင်းလေး၊မန္တလေး၊မေမြို့ (ငြိမ်း) | 80000 | | |

**KMD Computer Centre**
ISO
သင်္ကြန်အကြိုအထူးအစီအစဉ် နှင့်အတူ April (၇)ရက်နေ့မှာ သင်တန်းအပ်ရင်း ဗလာမပါကံစမ်းနိုင်မည့် အခွင့်အရေး
Application & Professional သင်တန်းများအားလုံးအတွက်...
Software Engineering
i-Office 2013
Network Engineering
သင်တန်းကြေး 100% အထိ Discount
Graphic Design
Web Design
AutoCAD 2013
ရရှိနိုင်မည့်အခွင့်အရေးများ...
- သင်တန်းအပ်ခွင့် Free
- 40% Dis ခံစားခွင့်များ
- 30% Dis ခံစားခွင့်များ
- 20% Dis ခံစားခွင့်များ

သက်မှတ်စင်တာများတွင်သာ
| | |
|---|---|
| (ပန်းဆိုးတန်း) ဖုန်း - ၃၈၁၁၁၂၉ | (မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆ |
| (လှည်းတန်း -၁) ဖုန်း - ၅၂၄၄၀၀ | (တာမွေ (၁-၂)) ဖုန်း - ၅၄၁၃၂၉ |
| (သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈ | (လမ်းမတော်) ဖုန်း - ၂၂၀၅၅၅ |
| (လှည်းတန်း -၂) ဖုန်း - ၅၀၂၂၁၀ | (ကမ္ဘာအေး) ဖုန်း - ၆၆၀၈၈၇ |







အသက်ဝင်နေတဲ့ ဘီဘီစီရဲ့ သတင်းတွေ
တီဗီ၊ အွန်လိုင်း၊ မိုဘိုင်း နဲ့ ရေဒီယို
BBC
မြန်မာပိုင်းအစီအစဉ်
သက်ဝင်လှုပ်ရှား ဖြစ်ရပ်များ

# တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်းနေထိုင်ကြသော ပြည်သူလူထုအသီးသီးတို့သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး အေးချမ်းဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လိုလားတောင့်တလျက်ရှိကြပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း (National Ceasefire Agreement-NCA) ကို ၂၀၁၅ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် သမ္မတကြီးရှေ့မှောက်၌ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းအတွက် ကမ္ဘောဇဘဏ်လီမိတက်အနေနှင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆိုပါ တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းပြုစုရေးဆွဲနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT) တို့အား အထူးလှိုက်လှဲစွာ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၄.၄.၂၀၁၅ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၃–၂၀၁၄ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား၌ ၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်အတွင်း **"တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် ပထမ အများဆုံး"** ထမ်းဆောင်ခဲ့သော (မြန်မာကုမ္ပဏီ) **"ကမ္ဘောဇဘဏ်လီမိတက်"** အား နိုင်ငံတော်အတွက် တာဝန်ကျေပွန်စွာဖြင့် အခွန်ထမ်းဆောင်နိုင်ခဲ့သည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့မှုအတွက် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Shwe Taung Development Co., Ltd.

ကြေးမုံ
မေ ၆၊ ၂၀၁၅
Hot Line No-0930500100

# သီလဝါအထူးစီးပွားရေးဇုန်သည် အဆောက်အအုံတည်ဆောက်နေဆဲအဆင့်၌ပင် မြန်မာအလုပ်သမား ၂၀၀၀ ခန့်ကို အလုပ်အကိုင်များ ခန့်ထားပေးနိုင်ပြီ

တွေ့ဆုံမေးမြန်း - မြတ်သန္တာမောင်
ဓာတ်ပုံ - အငယ်လေး

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မြန်မာအစိုးရနှင့် ဂျပန်အစိုးရတို့သည် မြန်မာ-ဂျပန် သီလဝါအထူးစီးပွားရေးစက်မှုဇုန်ကို အကောင်အထည်ဖော်ရန် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူး စီးပွားရေးစက်မှုဇုန်အားလုပ်ငန်း စတင်အကောင်အထည်ဖော်ခဲ့သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင်သာမကဘဲ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် အထူး စီးပွားရေးဇုန်အားလုံး၏ အဓိကရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ဖြစ်လာစေရန်ပင် ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻



သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

## ယနေ့ သတင်းအညွှန်း

နွေဦးရာသီကာလ မိုးလေသတိပြု
စာမျက်နှာ - ၂

ထင်ထင်ရှားရှား ပုံရိပ်များ (၁)
စာမျက်နှာ - ၉၊ ၁၀

လီဗာပူးထက် အာဆင်နယ်ကို ရွေးချယ်ခဲ့သော ဆန်းချက်ဇ်၏ ဆုံးဖြတ်ချက်အပေါ် ဝင်းဂါးကျေနပ်
စာမျက်နှာ - ၁၃

# လားရှိုးမြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လူထုဆန္ဒထုတ်ဖော်ထောက်ခံပွဲ ကျင်းပ




လားရှိုးမြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လူထုဆန္ဒထုတ်ဖော်ထောက်ခံပွဲ ကျင်းပစဉ်။

**လားရှိုး မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁၂) ပြည်ထောင်စုအားကစားကွင်း၌ ၂၀၁၅ ခုနှစ် မေ ၅ ရက် နံနက် ၉ နာရီခွဲခန့်က လားရှိုးမြို့ပေါ်ရှိ ကျေးရွာ/ရပ်ကွက် ၁၂ ရပ်ကွက်အတွင်းရှိ မြို့သူမြို့သားများ၊ ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများက တစ်နိုင်ငံလုံးအပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ် ထောက်ခံသည့် လူထုဆန္ဒဖော်ထုတ်မှုကို ခွင့်ပြုချက်ရယူပြီး ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးကံမြိုင်က "တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညီနိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုတဲ့ အခမ်းအနားမှာ ငြိမ်းချမ်းရေးဟာ ပြည်သူတွေရဲ့

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖



# ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆရီနာဝီလျံ မီယာမီအိုးပင်းတင်းနစ်ဖလား ရှစ်ကြိမ်မြောက်ဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆရီနာဝီလျံဟာ မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာ စပိန်တင်းနစ်မယ် ကာလာဆွာရတ်ဇ်နာဗာရိုကိုအနိုင်ရရှိပြီး မီယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ဖလားကို ရှစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

